# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်ပွဲ အခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪



**ယနေ့** *ဖတ်စရာ*

**အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ကူးစက်ခံရသူ စုစုပေါင်း ၁၉၉ ဦးရှိ၊ မြန်မာနိုင်ငံသို့ အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ် ဝင်ရောက်ကူးစက်မှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်** — ပြည်တွင်းသတင်း | စာ - ၅

**စာရေးသူရဲ့ ဝေဒနာနဲ့ စေတနာ** — ဆောင်းပါး | စာ - ၆

**သဘာဝလင်းနို့ဂူနှင့် လင်းနို့များကို ထိန်းသိမ်းရေးအတွက် မေတ္တာရပ်ခံဆိုင်းဘုတ်စိုက်ထူ** — ပြည်တွင်းသတင်း | စာ - ၁၈

မြန်မာ့အလင်း

# အိုမီခရွန် ကိုဗစ်-၁၉ မျိုးကွဲသစ် အရိုးရှင်းဆုံးနည်းလမ်းဖြင့် ကာကွယ်

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း သုံးရာခိုင်နှုန်း အောက်သို့ ရောက်ရှိလာသည်မှာ ရက်သတ္တနှစ်ပတ်ခန့် ရှိလာပြီ ဖြစ်သည်။ ဤသည်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာ များ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုများအပြင် ပြည်သူလူထု၏ စည်းကမ်းလိုက်နာမှု ကောင်းမွန်ခြင်းတို့၏ ရလဒ်ပင်ဖြစ်သည်။ တစ်ဦးချင်း လွတ်လပ်မှု ကို ဦးစားပေးပြီး ကူးစက်မြန်ကပ်ရောဂါနှင့် စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်မှုတို့ အားနည်းသည့်နိုင်ငံတို့တွင် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံဖြစ်စေကာမူ ကိုဗစ်-၁၉ ရောဂါ၏ ခြိမ်းခြောက်မှုက မြင့်မား နေဆဲဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ နိုင်ငံတကာသတင်းများတွင် မူ ကူးစက်မှုမြင့်တက်နေခြင်း၊ ဗီဇပြောင်းမျိုးကွဲသစ်ဖြစ်သည့် အိုမီခရွန်ကူးစက်ပျံ့နှံ့မှု ရက်ပိုင်းအတွင်းမှာပင် နိုင်ငံအရေအတွက် ပိုမိုများပြားလာခြင်းနှင့်အတူ အာဆီယံနိုင်ငံတစ်ခုဆီသို့ ရောက်ရှိ လာသည့်သတင်းကိုပင် တွေ့ရှိလာရပြီဖြစ်ရာ မိမိတို့နိုင်ငံနှင့် နီးကပ်လာလျက်ရှိနေပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါပိုးကူးစက် ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို နောက်ထပ်တစ်လရက်တိုးမြှင့်လိုက်သလို နိုင်ငံတကာခရီးသည် တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက် မှုကိုလည်း ဒီဇင်ဘာ ၃၁ ရက်နေ့အထိ နောက်ထပ်တစ်လ ကန့်သတ်လိုက်ပြီဖြစ်ရာ အချိန်မီ ထိန်းချုပ်လိုက်ခြင်းပင်ဖြစ်သည်။

ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်နှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ဗီဇပြောင်းရောဂါပိုး နိုင်ငံအတွင်း ဝင်ရောက်မလာရေး၊ ရောဂါ ဖြစ်ပွားမှုလှိုင်း နောက်ထပ်ဖြစ်ပေါ်မလာရေးအတွက် ကြိုတင် ပြင်ဆင်မှု၊ စောင့်ကြပ်ကြည့်ရှုမှုများကို ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှုကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိ သည်။ ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲ အိုမီခရွန်နှင့် ပတ်သက်၍ လေ့လာမှုများ ပြုလုပ်နေရဆဲဖြစ်ပြီး အချို့သော အချက်အလက် များကိုသာ သိရှိရသေးသည့်အတွက် ခန့်မှန်းချက်အချို့ကိုသာ ပြုလုပ်နိုင်သည့် အခြေအနေတွင်သာ ရှိနေသည်။ အိုမီခရွန်သည် မူလ ကိုဗစ်-၁၉ နှင့် လုံးဝမတူတော့ခြင်း၊ လက်ရှိကာကွယ်ဆေးများ ၏ ထိရောက်မှု လျော့ကျနိုင်ခြင်း၊ ယခင် ကိုဗစ်-၁၉ ဖြစ်ဖူးသူ များလည်း ထပ်မံဖြစ်ပွားနိုင်ခြင်း၊ ရောဂါကူးစက်မှု ပိုမိုမြန်ဆန်ခြင်း တို့ ဖြစ်နိုင်ကြောင်း သတင်းများတွင် တွေ့ရှိရသည်။

မိမိတို့နိုင်ငံတွင် အထူးဂရုပြုရမည့်အချက်မှာ နယ်စပ် ဖြတ်ကျော်ကူးသန်းသွားလာမှုမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဝင်ရောက် ပျံ့နှံ့ခြင်းပင်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများဆီသို့ နယ်စပ်ဖြတ်ကျော်၍ တရားဝင်ရော တရားမဝင်ပါ ဝင်ထွက်သွား လာလျက်ရှိရာ ၎င်းတို့နှင့်အတူ ရောဂါကူးစက်မှုများ ဖြစ်ပေါ် လျက်ရှိသည်ကို တွေ့ရသည်။ ပြည်တွင်း၌ ရောဂါကူးစက်မှုနှုန်း လျော့နည်းကျဆင်းလျက်ရှိခြင်းကြောင့် ဖြေလျှော့မှုများ ပြုလုပ် ထားချိန်တွင် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများမှတစ်ဆင့် ဗီဇပြောင်းမျိုးကွဲ ကိုဗစ်-၁၉ ဝင်ရောက်ကူးစက်လာပါက နောက်ထပ် ကိုဗစ်-၁၉ ရောဂါလှိုင်း ရိုက်ခတ်မှုနှင့်အတူ ဝမ်းနည်း ဖွယ်၊ ထိတ်လန့်ဖွယ်ရာ အဖြစ်များနှင့် ကြုံတွေ့သွားရနိုင်သည်ကို သတိကြီးစွာ ပြုကြရမည်ဖြစ်သည်။

အဆိုးဆုံး မျိုးဗီဇပြောင်းပိုးဖြစ်သည့် ဒယ်လ်တာထက် ပို၍ ဆိုးသည်ဟူ၍ သတင်းထွက်နေသည့် အိုမီခရွန်ကိုလည်း အရိုးဆုံး ကာကွယ်မှုများဖြင့်ပင် ကာကွယ်နိုင်သည်ဖြစ်ရာ သတိပြုကြရမည် ဖြစ်သော်လည်း ကြောက်စရာမဟုတ်ဟု ဆိုရမည်ဖြစ်သည်။ လူစု လူဝေးရှောင်ခြင်း၊ မလိုအပ်ဘဲ မသွားမလာခြင်း၊ ပြင်ပထွက်တိုင်း Mask တပ်ခြင်း၊ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင်ခြင်း စသော စည်းမျဉ်း စည်းကမ်းကလေးများကိုပင် ဆက်လက်ကျင့်သုံးကာ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကို ဆက်လက်ကာကွယ်တားဆီးနိုင်ကြ ပါစေကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၉၈ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၁၉ အရ ဦးဝင်းဖေအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီ စင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ ဒီဂရီ စင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအို မြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြ သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၁ လက်မ ဖြစ်သည်။

မိုး/ဇလ

## ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိသူများ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အခမ်းအနားအပြီးတွင် ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိသူများသည် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့်တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိသူများအား ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" တည်ထားကိုးကွယ်နိုင်ရေးအတွက် စကျင်ကျောက်တော်ကြီး တူးဖော်ခဲ့သည့် အခြေအနေ၊ နေပြည်တော်သို့ ပင့်ဆောင်ခဲ့သည့် အခြေအနေ၊ ပလ္လင်တော်နှင့် ကိုယ်ထည်ပိုင်းတို့အား ထုဆစ်ခြင်းနှင့် တွဲဆက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပိဋကတ်သုံးပုံ ကျောက်စာများကို ကျောက်စာချပ်များပေါ်၌ ရေးထိုးပူဇော်နိုင်မည့် အခြေအနေ၊ တည်ဆောက်ပူဇော်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိသူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆို သောအားဖြင့် အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန Facebook Page – **Department of Rehabilitation** တွင် ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ကြိုတင်လေ့လာပြင်ဆင်နိုင်ရေးအတွက် တယ်လီဖုန်းအမှတ် -၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း တိုက်တွန်းအသိပေးအပ်ပါသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအချိန်ထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့် စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း ၂၄ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးလှထွန်း အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးစိုးသန်းထွန်း အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းစဉ်။

❂ *ရွှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားနှင့်အမျိုးသမီးများ တက်ရောက်ကြသည်။

### ထောက်ပံ့လှူဒါန်းလျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး စဉ်ဆက်မပြတ် တိုးတက်ထွန်းကားပြန့်ပွားစေရန်အတွက် သံဃာတော် အရှင်သူမြတ်များက ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာ သာသနာကို အားသွန်ခွန်စိုက်ကြိုးစားအားထုတ်ကြပြီး နိုင်ငံသူ၊ နိုင်ငံသားအပေါင်းအား ပစ္စုပ္ပန်၊ သံသရာကြီးပွားရာ ကြီးပွားကြောင်းနည်းလမ်းကောင်းများကို အခွင့်အခါသင့်တိုင်း ဟောကြားပြသလျက်ရှိကြပါကြောင်း၊ ဗုဒ္ဓဘာသာဝင် နိုင်ငံသူ နိုင်ငံသားများကလည်း သာသနာတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းများကို ကြည်လင်သည့် သဒ္ဓါတရား၊ ထက်သန်သည့် စေတနာအားများဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိကြပါကြောင်း၊ ဤကဲ့သို့ အလှူရှင်အပေါင်းတို့၏ စေတနာသဒ္ဓါတရားတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ် အားပေးအသိအမှတ်ပြု ဆောင်ရွက်မြဲဖြစ်သည့် မဟာကုသိုလ်တော်တစ်ရပ်မှာ သာသနာ့ဒါယကာ၊ ဒါယိကာမများကို သာသနာတော်ဆိုင်ရာ နုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပင်ဖြစ်ကြောင်း။

**❐ ဗုဒ္ဓဘာသာဝင် နိုင်ငံသူ နိုင်ငံသားများကလည်း သာသနာတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းများကို ကြည်လင်သည့် သဒ္ဓါတရား၊ ထက်သန်သည့် စေတနာအားများဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိ**

**❐ ဤကဲ့သို့ အလှူရှင်အပေါင်းတို့၏ စေတနာသဒ္ဓါတရားတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ် အားပေးအသိအမှတ်ပြု ဆောင်ရွက်မြဲဖြစ်သည့် မဟာကုသိုလ်တော်တစ်ရပ်မှာ သာသနာ့ဒါယကာ၊ ဒါယိကာမများကို သာသနာတော်ဆိုင်ရာ နုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပင်ဖြစ်**

### ထူးကဲစွာ လှူဒါန်းထောက်ပံ့

**"သာသနာနုဂ္ဂဟ"**ဆိုသည့်စကားသည် သာသနာတော်ကို ပစ္စည်းလေးပါးတို့နှင့် ထူးကဲစွာ လှူဒါန်းထောက်ပံ့ခြင်းဟု အဓိပ္ပာယ်ရသည်ဟု လေ့လာသိရှိရကြောင်း၊ အနက်အဓိပ္ပာယ်အားဖြင့် ရိုးရှင်းလှသော်လည်း လုပ်ငန်းဆောင်တာအားဖြင့် **"စိရံတိဋ္ဌတု သဒ္ဓမ္မော"** ဟူသော ဒေသနာတော်နှင့်အညီ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက အရှည်ခန့်၍ တည်တံ့စေရန်ဟူသော မွန်မြတ်သည့် သမ္မာဆန္ဒနှင့် အကြီးအမှူးပြုသူများဟု ပြောဆိုရမည်ဖြစ်ကြောင်း။

### ဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံရမည်

သာသနာနုဂ္ဂဟဘွဲ့ကို ချီးမြှင့်အပ်နှင်းရာတွင် ဥပါသကာ ဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံရမည်ဖြစ်သဖြင့် ထိုဥပါသကာဂုဏ်ရည်များတွင် မိမိနှင့်သံဃာ အေးအတူပူအမျှ၊ ချမ်းသာတူ ဆင်းရဲမခွဲ နေတတ်သူဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ တရားတော်ကို သာလျှင် အကြီးအမှူးထားသူဖြစ်ခြင်း၊ မိမိ၌ရှိသော ပစ္စည်းဥစ္စာအင်အားအလျောက် ဝေဖန်ပိုင်းခြား လှူဒါန်းခြင်း၌ မွေ့လျော်တတ်သူဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး ပျက်ပြားဆုတ်ယုတ်သည်ကို သိရ၊ ကြားရ၊ တွေ့မြင်ရသော် တိုးတက်စည်ပင်အောင် ကြိုးပမ်းအားထုတ်သူဖြစ်ခြင်း၊ ကောင်းသောအယူဝါဒရှိသူဖြစ်ခြင်း၊ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ ဖြစ်ခြင်း၊ အမြင်ထူး၊ အကြားထူး စသည်ကို မင်္ဂလာဟု လက်မခံဘဲ ဗုဒ္ဓမှတစ်ပါး အခြားမည်သူ့ကိုမျှ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့ရ ဒေါ်ဝင်းမြင့် အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ် အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့ရ ဒေါ်သီတာစန်း အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၃ မှ*

ဆရာမတင်နိုင်သူဖြစ်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို စောင့်စည်းတတ်သူဖြစ်ခြင်း၊ ပြုစုမှုကင်းကာ ကောက်ကျစ်စဉ်းလဲသည့်အစွမ်းဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူ မဖြစ်ခြင်း၊ ရတနာမြတ်သုံးပါးကိုသာ ကိုးကွယ်အားထားရာဟူ၍ မပြတ် ဆည်းကပ်တတ်သူဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံကြသည်သာမက သက်ဆိုင်ရာကျောင်းတိုက်အသီးသီးတွင် အထူးသဖြင့် နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြု တာဝန်ထမ်းဆောင်လျက်ရှိသည့် သာသနာပြုရဟန်းတော်များ ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်းရလေအောင် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်နှင့် တောင်တန်းဒေသများရှိ ဗုဒ္ဓဘာသာဝင် ကလေးငယ်များနှင့် ကျေးလက်ဒေသများရှိ နွမ်းပါးသည့် ကလေးငယ်များကို ရှင်ပြုပေးပြီး ရှင်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမများအဖြစ် ရယူခြင်းဖြစ်သည့်အတွက် ဘုရားရှင်အလိုတော်ကျ သာသနာ့အမွေကို ခံယူထားသူများအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

**ပမာပြု၍ နှိုင်းယှဉ်မိန့်ကြား**

ခေတ်ကာလအလျောက် သာသနာတော် ထွန်းကားပြန့်ပွားခြင်း၊ ဆုတ်ယုတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများက **“ခေါက်ရှာငှက်များ ပျံသန်းတဲ့အခါ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ပျံသန်းသကဲ့သို့ သာသနာတော်၏ ဆုတ်ယုတ်ခြင်း၊ စည်ပင်ပြန့်ပွားခြင်း သဘောသဘာဝသည် လောကဓံသဘောပင် ဖြစ်သည့်အတွက် ခေါက်ရှာငှက်တို့၏ ပျံသန်းပုံနှင့်တူကြောင်း၊ တိုင်းပြည်အုပ်ချုပ်သော ပုဂ္ဂိုလ်တို့သည် သာသနာတော်ကို ကြည်ညိုတတ်၊ မြတ်နိုးကော်ရော် ပူဇော်တတ်၊ ချီးမြှောက်တတ်သော ပုဂ္ဂိုလ်များဖြစ်ပါက သာသနာတော်ဟာလည်း ထက်ဖျားသို့တိုင် မြင့်၍တင့်၍ စည်ပင်ပြန့်ပွားလေ့ရှိကြောင်း၊ ထိုသို့ မဟုတ်ပါက နိမ့်ကျကာ ဆုတ်ယုတ်တတ်ကြောင်း”** စသည်ဖြင့် ခေါက်ရှာငှက်များ၏ ပျံသန်းတတ်သည့် အခြင်းအရာကို ပမာပြု၍ နှိုင်းယှဉ်မိန့်ကြားလေ့ရှိသည်ကို သတိပြုအမှတ်ရမိပါကြောင်း။

**အထူးအလေးထားကြိုးစား**

ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားများနှင့်အတူ လှူဒါန်းထောက်ပံ့ရေးနှင့် အခြားပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို အထူးအလေးထား ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်ကို ထည့်သွင်း ပြောကြားလိုကြောင်း။

**အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်း**

ယခုကဲ့သို့ ထူးခြားမြင့်မြတ်ကာ ဘုန်းကံကြီးမားသည့် သာသနာတော်မြတ်ကြီးကို ဘုန်းကံပါရမီရှိသူတို့သည်သာလျှင် ချီးမြှောက်ထောက်ပံ့ခွင့်၊ သာသနာပြုခွင့်ရရှိကြသည့်အားလျော်စွာ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ထိုကဲ့သို့သော ပါရမီရှင်များကို သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းသည် **သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်နှင့်အညီ** ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်၊ ချီးမြှင့်သင့် ချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်းလျက် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ အမှန်ပင် ရရှိကြလိမ့်မည်ဟု အခိုင်အမာယုံကြည်မိပါကြောင်း။

**ကမ္ဘာသို့တိုင်အောင် ထွန်းလင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမှူးပြုသည့် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့နှင့်တကွ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များသည် မြတ်စွာဘုရားရှင်၏ အနှိုင်းမဲ့သည်းခံခွင့်လွှတ်ခြင်းနှင့် ငြိမ်းချမ်းရေးတရားဒေသနာတော်များကို ထွန်းသစ်စနေဝန်းပမာ မြန်မာမှသည် ကမ္ဘာသို့တိုင်အောင် ထွန်းလင်းတောက်ပစေရေး အစဉ်အားပေးနိုင်ကြပါစေကြောင်း။

**အမျိုးဘာသာသာသနာကို ထိန်းသိမ်း**

ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်တော်မူနေကြသည့် ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် အခက်အခဲပေါင်းများစွာနှင့် သာသနာပြုလျက်ရှိကြသည့် သာသနာပြုဆရာတော်များနှင့် သာသနာပြု သီလရှင်ဆရာကြီးများ၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့် သီလရှင်သင်ပညာရေးကျောင်းများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ပစ္စည်းလေးပါးတို့နှင့် မပင်ပန်းရစေရန် ဆရာဒကာ တွဲလက်ညီညာစွာဖြင့် လှူဒါန်းထောက်ပံ့ သာသနာပြုနိုင်ကြပါစေကြောင်း၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်ကြလျက် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတို့ကို ကျန်းမာရွှင်လန်းသော ကိုယ်စိတ်နှစ်ပါးတို့ဖြင့် ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးအောင်အောင်၊ ဦးလှထွန်း၊ ဦးသန်းဝင်းနှင့် ဦးလီကျန်းချန်(ခ) ဦးလျိုအားပေါက်တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဒေါက်တာ လှဝင်းအောင်၊ ဦးစိုးသန်းထွန်းနှင့် ဦးဇေယျာသူရမွန်တို့ကိုလည်းကောင်း ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်မြင့်ဦး၊ ဒေါ်မေသက်မော်၊ ဒေါ်ခင်ရွှေ၊ ဒေါ်ရွှေဥ၊ ဒေါ်သန်းသန်းစိန်၊ ဒေါ်သန်းမြ၊ ဒေါ်နန်းခင်ညွန့်နှင့် ဒေါ်ဝင်းမြင့်တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ဌေးဌေးသိန်း၊ ဒေါ်ကြည်ပြာခိုင် (ကိုယ်စား) ဒေါ်ဝင်းဇာနည်ပိုင်၊ ဒေါ်သီတာစန်း၊ ဒေါ်ခင်သန့်ဇင်နှင့် ဒေါ်အိသန္တာဘိုတို့ကို လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

**ချီးမြှင့်အပ်နှင်းသွားမည်**

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ချီးမြှင့်ပွဲအခမ်းအနားတွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ အမျိုးသား ၇ ဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရအမျိုးသမီး ၁၄ ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ကျန်ရှိသည့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၅၂ ဦးတို့ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် သတ်မှတ်နေရာများတွင် အသီးသီးချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

"မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်" ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာ အဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည် ဖြစ်ပါသည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်း

နေပြည်တော် ဒီဇင်ဘာ ၁

**၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်အပ်နှင်း ချီးမြှင့်ခြင်းခံရသည့် ရဟန်းတော် အပါး ၃၀၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ် သာသနာပြု နှစ်ဦးနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ အမျိုးသားနှစ်ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်အပ်နှင်း ချီးမြှင့်ခဲ့ပါကြောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက် ၆ ချက် အနက် ၁ ချက် အပါအဝင်ဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော အချက်နှင့် အညီ သာသနာတော်ကြီး သန့်ရှင်း တည်တံ့နိုင်ရေး ဆောင်ရွက်တော်မူကြသော သံဃနာယက၊ သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပရိယတ္တိစာပေ သင်ကြားပို့ချခြင်း၊ ပဋိပတ္တိ ကျင့်ကြံအားထုတ်ခြင်း၊ ပဋိဝေဓ ထိုးထွင်းသိမြင်ခြင်း တည်းဟူသော သာသနာတော် သုံးရပ် အရှည်ခံ့တည်တံ့စေရန် ရည်သန်ကြိုးကုတ် အားထုတ်လျက်ရှိကြသော သာသနာပြု သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဆောင်ရွက်ချက်များကို ပိုမိုအောင်မြင်စေရေး ပါရမီကုသိုလ်ယူ လှူဒါန်းထောက်ပံ့နေကြသော လူပုဂ္ဂိုလ်များကို ယခုကဲ့သို့ ဂုဏ်ရည်အလိုက် ဘွဲ့တံဆိပ်တော်များကို အပ်နှင်းနိုင်သဖြင့် လွန်စွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးကျော်ဇေယျအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို လည်းကောင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးကျော်မင်းထွန်း ကိုယ်စား ဦးကောင်းထက်အောင်(စိုးလျှပ်စစ်) အား ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များကို လည်းကောင်း ချီးမြှင့်အပ်နှင်းခဲ့သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ကူးစက်ခံရသူစုစုပေါင်း ၁၉၉ ဦးရှိ မြန်မာနိုင်ငံသို့ အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ် ဝင်ရောက်ကူးစက်မှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) ၌ ဒီဇင်ဘာ ၁ ရက် ရက် ညနေပိုင်းက Video conference ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် Public Health Intervention များဖြစ်သော အခြေခံ ကာကွယ်ရေးလုပ်ငန်းများ ထိရောက်အောင် ကြိုးကြပ်ဆောင်ရွက်ခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အနီးကပ် ထိတွေ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ထားရှိခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ Localized lockdown နှင့် Movement restriction များအား ထိရောက်အောင်ဆောင်ရွက်ခြင်း၊ ဦးတည်အုပ်စုများ အမြန်ဆုံး ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အဓိကအားဖြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

လက်ရှိတွင် အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် ကူးစက်ခံရသူစုစုပေါင်း ၁၉၉ ဦးရှိကြောင်း၊ မြန်မာနိုင်ငံတွင်းသို့ အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ် ဝင်ရောက်ကူးစက်မှုမရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားကူးစက်လျက်ရှိသော နိုင်ငံများမှ ဝင်ရောက်လာသူများအား Quarantine ၁၄ ရက် ထားရှိနိုင်ရေး စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ RT-PCR ဖြင့် စစ်ဆေးရန်လိုကြောင်း၊ Genomic sequencing များ ပြုလုပ်ရန်လိုကြောင်း၊ Quarantine Center နှင့် ကုသရေးစင်တာများ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ အောက်ဆီဂျင် အပါအဝင် ကုသရေးလုပ်ငန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဆွေးနွေးရာတွင် အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုအား စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်ရန် စောင့်ကြပ်ကြည့်ရှုခြင်းအနေဖြင့် နိုင်ငံဖြတ်ကျော်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပပြန်များကို တစ်ယောက်မကျန် Quarantine ထားရှိပြီး ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်နှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိရာ မြို့ကြီးများသာမက နယ်စပ်မြို့များမှ ဝင်ရောက်လာသူများကိုလည်း တစ်ယောက်မကျန် Quarantine ထားရှိပြီး ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်နိုင်ရန် အထူးအရေးကြီးကြောင်း။

မြို့ကြီးများတွင် test centre များနှင့် treatment centre များ ချိတ်ဆက်မှုကို ကြိုတင်ဇာတ်တိုက်ပြင်ဆင်ထားရှိရန်နှင့် PCR ဓာတ်ခွဲခန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ရန် လိုကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် ကျန်းမာရေးဝန်ထမ်း အပါအဝင် အခြားဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများကို သင်တန်းပေးရန် လိုအပ်ပါက ကြိုတင်လေ့ကျင့် သင်တန်းများပေးထားရန်လိုကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ဦးတည်အုပ်စုများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းအား ဆောင်ရွက်ရန်လိုကြောင်း ပြည်သူလူထုအနေဖြင့်လည်း ပါးစပ်နှင့် နှာခေါင်းစည်းအား စနစ်တကျ အချိန်ပြည့်တပ်ဆင်ခြင်း၊ မကြာခဏလက်ဆေးခြင်းများ ဆောင်ရွက်စေနိုင်ရန် အခါအားလျော်စွာ ကျန်းမာရေးအသိပညာပေးခြင်း၊ သတိပေးခြင်းနှင့် လမ်းညွှန်ချက်များ၊ စည်းကမ်းများကို စနစ်တကျ လိုက်နာစေရေး ကြီးကြပ်ရန်လိုကြောင်းတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ပြည် ဒီဇင်ဘာ ၁

ပြည်မြို့နယ် အင်းဝင်းကျေးရွာအုပ်စု ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက ပြည်မြို့နယ် ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ မြို့နယ်လဝကဦးစီးမှူး ဦးဇော်နိုင်သန်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၁ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၉ ခုတို့ကို ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ပြည်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၅၅ အုပ်စု စုစုပေါင်း ၆၉ အုပ်စုရှိ လူဦးရေ ၅၆၀၅ ဦးအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျေးရွာအုပ်စု ငါးအုပ်စုသာကျန်ရှိတော့ကြောင်းနှင့် မြို့နယ်ရုံး၌လည်း ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လဝကရုံးမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁–** မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# စာရေးသူရဲ့ ဝေဒနာနဲ့ စေတနာ

ဆောင်းနှင်းပွင့်ဖြူ



ဟဲမင်ဝေး
(၁၈၉၉–၁၉၆၁)



ကာဝါဘာတ
(၁၈၉၉–၁၉၇၂)



လီယိုတော်စတွိုင်
(၁၈၂၈–၁၉၁၀)

စာရေးဆရာအလုပ်ကို တော်ရုံတန်ရုံ ဇွဲသတ္တိနဲ့ မလုပ်နိုင်ကြပါဘူး။ လမ်းတစ်ဝက် မရောက်ခင် "တော်ပြီ တော်ပြီ" ဆိုပြီး ပြန်လှည့်သွားသူ၊ ရပ်နားလိုက်သူတွေပဲ များပြားပါတယ်။ အပြစ်ဆိုခြင်းမဟုတ်ပါ။ အဖြစ်မှန်အခြေအနေကို ဖော်ပြခြင်းပါ။

## စည်းအပြင်က လူတစ်ယောက်

**အားနက်စ်ဟဲမင်ဝေး (၁၈၉၉–၁၉၆၁)** ဆိုတဲ့ ကမ္ဘာကျော် အမေရိကန်စာရေးဆရာက ပြောဖူးတယ်–

**"စာရေးဆရာဆိုတာ အမြဲတမ်းအထီးကျန်ပါပဲ။ အမြဲတမ်းလည်း စည်းအပြင်က လူတစ်ယောက်ဖြစ်နေတတ်ပါတယ်"**တဲ့။

အားနက်စ်ဟဲမင်ဝေးရဲ့ ဖခင်ဟာ ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။ သူဟာ အသက် ၃၀ အရွယ်လောက်မှာပဲ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ ဟဲမင်ဝေးရဲ့ စိတ်ထဲမှာ အရိပ်မည်းတစ်ခု စွဲထင်ခဲ့သလိုပဲ။ ဘာကြောင့်လဲတော့ မပြောတတ်ပါဘူး။ အောင်မြင်ထင်ရှားလှတဲ့ အမေရိကန်ထိပ်တန်း နာမည်ကျော်စာရေးဆရာ ဟဲမင်ဝေးကလည်း အသက် ၆၂ နှစ်မှာ သူ့ကိုယ်သူ သတ်သေသွားခဲ့ပါတယ်။ သတ်သေခြင်းဆိုတာ မျိုးရိုးလိုက်တတ်တယ်လို့တော့ အထောက်အထား မရှိခဲ့ပါဘူး။

အားနက်စ်ဟဲမင်ဝေး မွေးဖွားခဲ့တဲ့ ၁၈၉၉ ခုနှစ်မှာပဲ တစ်နှစ်တည်း အတူမွေးဖွားတဲ့ ကမ္ဘာကျော် ဂျပန်စာရေးဆရာကြီးတစ်ဦး ရှိပါသေးတယ်။ သူကလည်း ၁၈၉၉ ခုနှစ်မှာ မွေးတယ်။ သူ့ဖခင်ကလည်း အထက်တန်းစားဆရာဝန်တစ်ဦးဖြစ်တာလည်း တူပြန်တယ်။ သူတို့ချင်းတူကြပြန်တာ တစ်ချက်က စိတ်မကောင်းစရာပဲ။ မိမိကိုယ်ကို သတ်သေခြင်းမှာလည်း တူညီနေကြပြန်ပါတယ်။ သူ့အမည်က **ကာဝါဘာတ(၁၈၉၉–၁၉၇၂)**၊ စာပေ နိုဘယ်ဆုရတဲ့ ဂျပန်စာရေးဆရာထဲမှာ သူဟာ ပထမဦးဆုံးပါပဲ။ သူမသေမီ နှစ်နှစ်အလို (၁၉၇၀ပြည့်နှစ်)မှာ သူနဲ့ချစ်ခင်တဲ့မိတ်ဆွေ ယူကီရိုမီးရှီးမားဟာ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ သူအကြီးအကျယ် စိတ်ထိခိုက်ခံစားရတယ်။ စိတ်ဓာတ်ကျမှုတွေ အဆက်မပြတ် ဖိစီးတယ်။ သူ့ရဲ့ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ကမ္ဘာအဝန်းကြိုက်နှစ်သက်ခဲ့ကြပါတယ်။ ဒါကြောင့်ပဲ ၁၉၆၈ ခုနှစ်မှာ စာပေဆိုင်ရာနိုဘယ်ဆုရခဲ့ခြင်းဖြစ်ပါတယ်။

## စစ်နဲ့ငြိမ်းချမ်းရေး

နိုဘယ်ဆုရခြင်း၊ မရခြင်းသည် စာရေးဆရာအချို့အတွက်တော့ ဘာမှအရေးမပါဘူးဆိုရင်လည်း ရပါတယ်။ ကမ္ဘာကျော်စစ်နဲ့ငြိမ်းချမ်းရေး ဝတ္ထုရှည်ကြီး (ရုပ်ရှင်အဖြစ် သုံးကြိမ်လေးကြိမ် ရိုက်ကူးခဲ့ကြဖူးတယ်)ကို အကြိမ်ပေါင်း ခုနစ်ကြိမ်၊ ရှစ်ကြိမ် အထပ်ထပ် အဖန်ဖန် ပြန်ရေးခဲ့ပြီး အခန်းတစ်ခန်းကို စိတ်တိုင်းမကျမချင်း အကြိမ်ပေါင်း ၇၈ ကြိမ်တိုင်တိုင် ပြန်ကာပြန်ကာရေးခဲ့သူ စာရေးဆရာ **လီယိုတော်စတွိုင် (၁၈၂၈–၁၉၁၀)** ဟာ စာပေနိုဘယ်ဆုမရခဲ့ပါ။ သူ့ကိုစာပေနဲ့ ပတ်သက်ပြီး နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ၁၉၀၁၊ ၁၉၀၂၊ ၁၉၀၆ နဲ့ ၁၉၁၀ ပြည့်နှစ်တို့မှာ လေးကြိမ်တိုင်တိုင် အမည်စာရင်း ထည့်သွင်းစဉ်းစားခဲ့ကြပါတယ်။ တကယ်တမ်းမပေးဖြစ်ခဲ့ပါဘူး။ ဒါဟာလည်း စာမရေးသူတွေ ပေးတဲ့ဆုကို စာရေးသူက လက်မခံလိုက်ရတာ ကံကောင်းခြင်းတစ်ရပ်ပါပဲ။

ကမ္ဘာ့စာဖတ်ပရိသတ်ကတော့ တော်စတွိုင်ရဲ့ စာပေလက်ရာတွေကို ဖတ်တိုင်းဖတ်တိုင်း စာပေဆုရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ စာပေကို လူသားအားလုံးအတွက် ကောင်းကျိုးရရှိစေအောင် မေတ္တာစေတနာရော၊ အတတ်ပညာအနုပညာရော စာပေစွမ်းအား အလွန်တရာကြီးမားလှတဲ့ စာရေးဆရာကြီးပဲဆိုတာ ဘယ်သူမှ အငြင်းမပွားပါဘူး။ သူ့ရဲ့ မိဘနှစ်ပါးက အမျိုးသားမြို့စားနဲ့ အမျိုးသမီးမြို့စားအဖြစ် သူကောင်းပြုခံရတဲ့ ဆွေကြီးမျိုးကြီးတွေပါ။ တစ်သက်လုံးစားလို့သုံးလို့ မကုန်နိုင်အောင် ပြည့်စုံကြွယ်ဝတဲ့ မြေပိုင်ရှင်သူဌေးမင်းတွေပေါ့။ တော်စတွိုင်က လူတွေဟာ ချမ်းသာကြွယ်ဝလို့ မြေတွေ ဧကများစွာ ရာထောင်ချီပြီး ဘယ်လောက်ပဲပိုင်ပိုင် ဘဝနေဝင်ချိန်ရောက်ရင် ၂ ပေ x ၆ ပေ မြေကျင်းထဲမှာပဲ (ဘာတစ်ခုမှ မပိုင်ဆိုင်နိုင်တော့ဘဲ) လဲလျောင်းရမှာဖြစ်ကြောင်း သူ့ရဲ့ ဝတ္ထုထဲမှာ ထည့်ပြီး ခံစားနားလည်အောင် ရေးထားပေးပါတယ်။ ပိုင်ဆိုင်တယ် ထင်သမျှဟာ ရေပွက်ပမာ။

## စစ်ရဲ့အနိဋ္ဌာရုံတွေ

စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုကြီးထဲမှာ စစ်ရဲ့အနိဋ္ဌာရုံတွေကို လူတွေကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သိမြင်ခံစားရအောင် အကောင်းဆုံးသရုပ်ဖော်ရေးပြသွားနိုင်ခဲ့တယ်လေ။ မဖတ်ဖူးသေးရင် ဖတ်ကြည့်စေချင်ပါတယ်။ စစ်ဆိုတာဘယ်လောက်များ ရက်စက်ပြီး ထိတ်လန့်ကြောက်ရွံ့ နာကြည်းစရာကောင်းသလဲ။

ယမ်းနံ့တွေပါတယ်။

သွေးညှီနံ့တွေပါတယ်။

လူသေအလောင်းတွေ အစုလိုက်အပုံလိုက် မြင်ကြရမယ်။ ခြေပြတ်လက်ပြတ် သွေးသံရဲရဲတွေ မြင်ရမယ်။ အလန့်တကြား အော်ဟစ်ငိုညည်းသံတွေ ကြားရလိမ့်မယ်။ အမြောက်ဆံ၊ ဗုံးသံတွေ ဆူညံပေါက်ကွဲ။

သားတကွဲ၊ လင်တကွဲ၊ ဆွေတကွဲ၊ မျိုးတကွဲ၊ မိသားစုတွေ ပျောက်ဆုံးကြေကွဲ ကွဲကွာကြရပုံတွေကို အော်ဂလီဆန်ပျို့အန်လာလောက်အောင် ခံစားရလိမ့်မယ်။ တကယ့်သဘာဝကျကျ ဖော်ပြနိုင်တာပေါ့၊ သူကိုယ်တိုင်စစ်ပွဲတွေမှာ ပါဝင်ခဲ့တဲ့ အတွေ့အကြုံတွေလေ။ အမြောက်တပ်မှာ အရာရှိလုပ်ခဲ့ဖူးတာကိုး။

ငယ်ရွယ်သူတွေ၊ ကလေးအဖေတွေ၊ လင်ယောကျ်ားတွေ စစ်သားစစ်ဗိုလ်အဖြစ် တစ်ဖက်နဲ့တစ်ဖက် လက်နက်မျိုးစုံနဲ့ တိုက်ခိုက်သတ်ဖြတ်ရင်း မိသားစုများကို စွန့်ခွာပြီး တမလွန်သို့ ထွက်ခွာသွားကြရပုံတွေ၊ ထိတ်လန့်တုန်လှုပ်စရာမြင်ရမယ်။ ခံစားရမယ်။

စစ်ရဲ့ဆိုးကျိုးကို ဘာမှမသိဘဲ အချို့က ပိုးဖလံမျိုး မီးကိုတိုးသလို စွတ်ပြီး ဇွတ်ဝင်တိုးနေကြတာရှိနေတယ်။ စာပေနဲ့လည်းဝေးကြတယ်။ ဗဟုသုတလည်း နည်းကြတယ်။ စစ်ဆိုတာ ဘာလဲ။ ငြိမ်းချမ်းရေးဟာ ဘယ်လောက်တန်ဖိုးကြီးမားသလဲ။

လူတစ်ယောက်ရဲ့ အာဏာငမ်းငမ်းတက် အရူးထမှုက စစ်ပွဲတွေကို မီးရှို့ပေးပြီး လူသားပေါင်းများစွာကို သေကျေဆင်းရဲငတ်မွတ်နာကျင်ခြင်း ဆင်းရဲတွင်းထဲကို ကျဆင်းစေတယ်ဆိုတဲ့ အသိအမြင်သင်ခန်းစာတွေကို စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုရှည် (၁၈၆၉ မှာ ရေးသား)၊ မြန်မာဘာသာသို့ ဆရာမြသန်းတင့်က လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က ပြန်ခဲ့တယ်။

## စာရေးဆရာဆိုတာ

၁၂ တွဲခွဲ၍ စောင်ရေများစွာ။ ပထမတွဲ၊ ဒုတိယတွဲခွဲပြီး လေးငါးခြောက်ကြိမ် ထပ်မံပုံနှိပ် ခဲ့ပြီးပြီ။ စာကောင်းပေကောင်းတွေက စာဖတ်သူတွေကို အသိအမြင် ဗဟုသုတ ကျယ်ဝန်းစေပါတယ်။ အမှန်နဲ့ အမှား၊ အကောင်းနဲ့အဆိုး ခွဲခြားဝေဖန်နိုင်အောင် လမ်းမှန်ညွှန်ပြနိုင်ကြတယ်။

စာရေးဆရာဆိုတာ ဖယောင်းတိုင်လိုပါပဲ။

ပတ်ဝန်းကျင်ကို အမှောင်ပယ်ခွင်း လင်းကျင်းနေအောင် မီးအလင်းရောင်ပြသပေးပေမယ့် သူကတော့ တဖြည်းဖြည်းနဲ့ လောင်မြိုက်ချုပ်ငြိမ်းသွားရတယ်။ ကြာလေတိုလေ။

သနပ်ခါးသွေးတဲ့ ကျောက်ပျဉ်လိုပါပဲ။

ပါးပြင်မှာ မွှေးမြတဲ့ သနပ်ခါးလိမ်းကျံဖို့ရာ ကျောက်ပျဉ်က အသွေးခံပေးရတာပဲ။

စာရေးဆရာက ပါးပြင်မွှေးပါစေလို့ သနပ်ခါးတုံးကို ပွတ်တိုက်ပေးရတာလေ။ ကျောက်ပျဉ်။

စာရေးဆရာက ပန်းလိုချင်လို့ အပင်ကို ပျိုးခဲ့ကြပေမယ့် သူကိုယ်တိုင် ပန်ဖို့အတွက် မဟုတ်ဘဲ အများပြည်သူတွေ ပန်ဆင်ပြီး မွှေးကြပါစေ၊ လှကြပါစေ။ တကယ်စင်စစ် ဥယျာဉ်မှူးတွေပါလေ။

လယ်မြေကေပေါင်းများစွာ၊ ကျေးကျွန်လုပ်သား ဝန်ထမ်းများစွာ ပိုင်ဆိုင်ပြီး နန်းတော်တမျှ စံအိမ်ကြီးနဲ့ တစ်ထီးတစ်နန်းနေထိုင်နိုင်တဲ့ စာရေးဆရာလီယိုတော်စတွိုင်ဟာ မကွယ်လွန်ခင်မှာ အရာရာကို ပေးလှူစွန့်ကြဲခွဲဝေပေးခဲ့ပြီး တစ်ခုသော အေးမြလှတဲ့ ဆောင်းညညဥ့်လယ်မှာ တစ်ကိုယ်တည်း အိမ်က ထွက်ခွာသွားခဲ့တယ်။ (သူ့အတ္ထုပ္ပတ္တိရှိတယ်။ ရုပ်ရှင်တွေလည်း နှစ်ကြိမ် သုံးကြိမ်ရိုက်ထားဖူးကြတယ်)၊ ၁၉၁၂၊ ၁၉၈၄ နဲ့ ၂၀၀၉ တို့မှာ တော်စတွိုင်ဘဝမှတ်တမ်းကို ရုပ်ရှင်ရိုက်ကူးတဲ့ သုံးမျိုးတောင်ရှိသတဲ့။ တစ်ကား ကြည့်ဖူးရဲ့။

အဲဒီညမှာပဲ တော်စတွိုင်ဟာ အဆုတ်အအေးပတ်ရောဂါနဲ့ အက်စတာပိုဗို မီးရထားဘူတာရုံလေးထဲမှာ ကွယ်လွန်သွားရှာပါတယ်။ သူ့ရဲ့ဘဝအဘိဓမ္မာတွေဟာ ဘာသာတရားအဆုံးအမများနဲ့ ကိုက်ညီကြပြီး ဗုဒ္ဓဘာသာသဘောနဲ့လည်း အတော်ကြီးနီးစပ်ကြပါတယ်။ သူတော်စင်သူတော်ကောင်းပါပဲ။

## ဘယ်အရာကမှ ပျော်ရွှင်ကျေနပ်မှု မရခဲ့ပါ

ဆက်စပ်တာ မဆက်စပ်တာအသာထား။ ရုရှားစာရေးဆရာကြီးပြီးတော့ ကမ္ဘာကျော် ပြင်သစ်စာရေးဆရာတစ်ယောက်အကြောင်း ဆက်ပြောပါရစေဦး။

**ဂီးဒီမိုပါဆွန်း(၁၈၅၀–၁၈၉၃)** ဆိုတာ ကမ္ဘာကျော်အောင် စာရေးကောင်းတဲ့ စာရေးဆရာတစ်ဦးပါ။ ၁၈၈၁ မှာ သူ့ရဲ့ဝတ္ထုတိုများစာအုပ်ဟာ နှစ်နှစ်အတွင်း အကြိမ် ၂၀ ရိုက်နှိပ်ခဲ့ရတယ်။ ၁၈၈၃ မှာ ထွက်တဲ့ဝတ္ထု Unie Vie ကလည်း တစ်နှစ်အတွင်း အုပ်ရေ နှစ်သောင်းခွဲရောင်းခဲ့ရတယ်။ ၁၈၈၅ မှာ ထုတ်ဝေတဲ့ Bel Ami ဝတ္ထုရှည်ကတော့ ထွက်ရှိပြီး လေးနှစ်အတွင်း ၃၇ ကြိမ် ထပ်ရိုက်ခဲ့ရတယ်။ လူကြိုက်များပုံစန်းတက်ပုံတော့ ပြောမနေနဲ့တော့။ စာရေးအားကလည်း ကောင်းသလားမမေးနဲ့။ စက်နဲ့လှည့်ထုတ်သလား အောက်မေ့ရတယ်။

*စာမျက်နှာ ၇ သို့*

**စာရေးဆရာ လီယိုတော်စတွိုင် (၁၈၂၈-၁၉၁၀) ဟာ စာပေနိုဘယ်ဆုမရခဲ့ပါ။ သူ့ကိုစာပေနဲ့ ပတ်သက်ပြီး နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ၁၉၀၁၊ ၁၉၀၂၊ ၁၉၀၆ နဲ့ ၁၉၁၀ ပြည့်နှစ်တို့မှာ လေးကြိမ်တိုင်တိုင် အမည်စာရင်း ထည့်သွင်းစဉ်းစားခဲ့ကြပါတယ်။ တကယ်တမ်းမပေးဖြစ်ခဲ့ပါဘူး။ ဒါဟာလည်း စာမရေးသူတွေ ပေးတဲ့ဆုကို စာရေးသူက လက်မခံလိုက်ရတာ ကံကောင်းခြင်းတစ်ရပ်ပါပဲ။ ကမ္ဘာ့စာဖတ်ပရိသတ်ကတော့ တော်စတွိုင်ရဲ့ စာပေလက်ရာတွေကို ဖတ်တိုင်းဖတ်တိုင်း စာပေဆုရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ စာပေကို လူသားအားလုံးအတွက် ကောင်းကျိုးရရှိစေအောင် မေတ္တာ စေတနာရော၊ အတတ်ပညာအနုပညာရော စာပေစွမ်းအား အလွန်တရာကြီးမားလှတဲ့ စာရေးဆရာကြီးပဲဆိုတာ ဘယ်သူမှ အငြင်းမပွားပါဘူး**

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ် အမှတ် (၉) "ရာဇသတ်ကြီး" စာအုပ်ထုတ်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန် စာအုပ်အမှတ် (၉) ရာဇသတ်ကြီး စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်။




ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ ယခုအကြိမ်တွင် ၁၈၆၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သော Penal Code ကို ရာဇသတ်ကြီးအဖြစ် မြန်မာဘာသာသို့ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ရာဇသတ်ကြီးစာအုပ်သည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူ အာဏာတည်ကြောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌက အမိန့်အမှတ် ၇/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ သို့ပါ၍ ယခုရာဇသတ်ကြီးစာအုပ်သည် တရားဝင်ကိုးကားသုံးစွဲနိုင်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အဖိုးတန်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး လူတိုင်းအတွက် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ် ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အနန်းပင်ရပ်ကွက်ရှိ ရွှေဥမင်တောရစာသင်တိုက်၊ မှော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာရှိ ရှမ်းကုန်းပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ရှိ နှစ်ကျိပ်ရှစ်ဆူတောရ ရခိုင်ကုန်းတပ်ဦးကျောင်းတိုက်၊ ပုသိမ်မြို့ရှိ နိဂြောဓါရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက် စံပြကျေးရွာရှိ မဟာသန္တိသုခကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သန္တိသုခငြိမ်းချမ်းရေးကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ အောက်ဆီဂျင်(အိုးခွံ) ၃၀၀ အား တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်းအများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဂျိုးဇက်ပရူနီးယား၊ ဂီးဒီဇားလ်မောင့်၊ မူဖရစ်နူစီ စတဲ့ ကလောင်အမည်ကွဲ အမျိုးမျိုးနဲ့ ရေးသေးတယ်။

သူက ၁၈၉၂ မှာ သူ့လည်မျိုကိုဖြတ်ပြီး သေဖို့ကြိုးစားခဲ့တယ်။ ကံဖယ်တော့ သူ့တပည့်က ကယ်လို့ အသက်မသေဘူး။ ဒါပေမယ့် နောက်တစ်နှစ်အကြာ ၁၈၉၃ ခုနှစ်မှာတော့ ရူးသွပ်တဲ့ရောဂါနဲ့ ဂီးဒီမိုပါဆွန်း ကွယ်လွန်သွားခဲ့ရှာပါတယ်။ ပါရီမြို့တော်ရှိ မွန့်ပါနက်စီသုသာန်က သူ့ရဲ့အုတ်ဂူပေါ်မှာ သူရေးခဲ့ဖူးတဲ့ စာနှစ်ကြောင်း ရေးသားထားတယ်။ ထင်ရှားတဲ့ သူ့စာတစ်ပုဒ်-

**"အရာရာကို ငါတပ်မက်ခဲ့ဖူးတယ်။**

**ဘယ်အရာကမှ ပျော်ရွှင်ကျေနပ်မှု မရခဲ့ပါ "** ... တဲ့။

အကယ်၍သာ လူတွေဟာ စာကောင်းပေကောင်း စာကြီးပေကြီးတွေနဲ့ ထိတွေ့ရင်းနှီးကြမယ်ဆိုရင် လူသားရဲ့ဘဝတန်ဖိုးကို နားလည်တန်ဖိုးထားတတ်ကြမှာပဲ။ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေ ကောက်ကျစ်ဆိုးယုတ်လို့ ဒုက္ခကြုံရပုံတွေတွေ့မယ်။ စိတ်ကောင်းနှလုံးကောင်းနဲ့ သူတစ်ပါးအပေါ် ကူညီဖေးမမှု ပြုလုပ်ပေးကြလို့ မိမိဘဝလည်း အေးချမ်းသာယာပျော်ရွှင်စွာ နေရလေ့ရှိပုံတွေ မြင်ကြရမယ်။ ဘဝသင်ခန်းစာတွေကို ဓမ္မပဒဇာတ်တော် ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့ စတာတွေကို ဖတ်သလိုပဲပေါ့။ လိမ္မာယဉ်ကျေးတဲ့ အတွေးအခေါ်အသိအမြင်တွေ တိုးလာကြလိမ့်မယ်။

စာပေထွန်းကားရေးဟာ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်းမှာ ရုပ်ဝတ္ထု အစာအာဟာရ လိုအပ်ချက်လိုပဲ အရေးတကြီးလိုအပ်တဲ့ အရာမျိုးပေပဲ။ ဒါကို စဉ်းစားကြည့်ကြစေလိုပါတယ်။

စာပေတွေကို ဖတ်ရင်းဖတ်ရင်းက နှစ်သက်ကျေနပ်မှုတွေနဲ့အတူ ဘဝအမြင်၊ လောကအမြင်တွေဟာ ပြောင်းလဲသွားစေပါတယ်။ အမြင်မကျဉ်းတော့ဘူး။ သဘောထား မသေးသိမ်တော့ဘူး။ နေရာတကာ ငါနဲ့ သူတို့ဆိုတဲ့ ရန်လိုသွေးကွဲတဲ့ ရပ်တည်ချက် ခွဲခြားရှုမြင်ခြင်း အစွဲမျိုးတွေ ပျောက်ကင်းသွားမှာပဲ။ မရိုင်းစိုင်းတော့ဘူးပေါ့။

စာဖတ်သူတွေကို ဗဟုသုတအမြင်တွေရစေအောင်၊ နှစ်သက်ကြည်နူးမှု ရသခံစားချက်တွေ မျှဝေနိုင်လေအောင် တကုပ်ကုပ်နဲ့ တစ်ယောက်တည်း အထီးကျန်စွာ စာရေးနေတဲ့ စာရေးဆရာဘဝဆိုတာ အခြားဝါသနာမပါ စိတ်မဝင်စားသူအတွက် ပျင်းရိငြီးငွေ့စရာအလုပ်တာဝန်မျိုးတစ်ခုပါပဲ။ တကယ်တော့ သူကိုယ်တိုင် မျက်စိညောင်းအောင်၊ လက်ညောင်းအောင်ရေးနေရတဲ့ စာရေးသူကိုယ်တိုင်လည်း တစ်ခါတစ်ရံ ငြီးငွေ့မိတာ၊ မပျော်ပိုက်နိုင်တာ ရှိပေမှာပဲ။

ဗာဂျီးနီးယားဝုဖ်(၁၈၈၂-၁၉၄၁)ဟာ ကမ္ဘာကျော် စာပေရေးနိုင်တဲ့ စာရေးဆရာမအဖြစ် ထင်ပေါ်ကျော်ကြားနေဆဲမှာပဲ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ သူဟာ အင်္ဂလန်သူ၊ အင်္ဂလိပ်မ။

ပြင်သစ်စာရေးဆရာမ မဒမ်ဆီမွန်ဒီဗူးဗွား (၁၉၀၈-၁၉၈၆)ဟာ ကျောင်းဆရာမ၊ တက္ကသိုလ်ကထိက စသည့်တာဝန်များအပြင် ထင်ရှားတဲ့ ကမ္ဘာကျော်စာရေးဆရာမ တစ်ယောက်ဖြစ်တယ်။ သူ့လက်ရာ စာအုပ်တော်တော်များများကိုလည်း မြန်မာဘာသာပြန်ခဲ့ကြတယ်။ ဆရာမြသန်းတင့်လည်း ပြန်ဖူးတယ်။

စာကောင်းပေကောင်း၊ စာကောင်းပေမွန်တွေ ရေးခဲ့တယ်ဆိုပေမယ့် တက္ကသိုလ်မှာ စာသင်ခွင့် ရပ်ဆိုင်းခြင်းခံရဖူးတယ်ဆိုတဲ့ လူ့ကျင့်ဝတ်နဲ့မညီတဲ့ လိင်ကိစ္စပြဿနာမျိုးတွေနဲ့ အထင်အမြင်သေးခံရတာ၊ ဝိုင်းပယ်ခံရတာမျိုးတွေလည်း လောကဓံသဘာဝ ကြုံခဲ့ရတယ်။ သူက ပြင်သစ်နိုင်ငံ ပါရီမြို့သူ၊ ပါရီမှာမွေး၊ ပါရီမှာသေ။ ပြင်သစ်က ယဉ်ကျေးမှု ရောထွေးယှက်နွယ်မှုတွေလည်း များပေတယ်။

စာရေးတယ်ဆိုတာ စာရေးဆရာနဲ့ စာပေလက်ရာကို တင်စားရင် ကမာကောင်ရဲ့ ရင်ထဲကို သဲမှုန်ခဲလေးတစ်ခုခုဝင်တာမျိုး ခံစားပြီး ပုလဲရည်ညှစ်ထုတ်ဖုံးအုပ်ရာမှ ပုလဲလုံးဖြစ်ပေါ်သလိုမျိုး။ ကမာကောင်ကျတဲ့မျက်ရည်နဲ့ နာကျင်ခံခက်မှုဝေဒနာတွေကပဲ အဖိုးတန် ပုလဲရတနာထွက်ပေါ်စေခဲ့တာ မဟုတ်ပါလား။

စာပေက နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှုဆိုတဲ့ အရာမျိုး သီးသန့်သဘောပါရှိသလို ကမ္ဘာ့အမွေ၊ လူသားတွေရဲ့ လူ့သဘာဝ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်၊ လူအားလုံးရဲ့ အတွေးအခေါ်၊ ခံယူချက်၊ မျှော်လင့်ချက်နဲ့ ဖန်တီးမှုတွေလည်း ပါဝင်နေကြတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ စာပေမြင့်မှ လူမျိုးမြင့်မှာကတော့ သေချာတယ်။ လူမျိုးရဲ့ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို စာပေအနုပညာယဉ်ကျေးမှုတွေကို ပိုမိုမြှင့်တင်ပြီး လှပသာယာကောင်းမွန်အောင် စွမ်းဆောင်ကြပါစို့။ ။



ဂီးဒီမိုပါဆွန်း
(၁၈၅၀-၁၈၉၃)



ဗာဂျီးနီးယားဝုဖ်
(၁၈၈၂-၁၉၄၁)



ဆီမွန်ဒီဗူးဗွား
(၁၉၀၈-၁၉၈၆)

# ၂၀၂၀ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ ၂၄၁၆၆၂ ဦးခန့်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း သုည ဒသမ ၅၇ ရာခိုင်နှုန်းရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ၁၉၈၈ ခုနှစ်မှ စတင်၍ နှစ်စဉ် ဒီဇင်ဘာလ ပထမရက်သတ္တပတ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပလေ့ရှိပြီး ယခုနှစ် ဒီဇင်ဘာ ၁ ရက်ဆိုလျှင် (၃၄) ကြိမ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသွားသူများကို အမှတ်ရစေရန်နှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ **“End inequalities. End AIDS. End pandemics” “အားလုံးပါဝင်ဆောင်ရွက်လို့ အေအိုင်ဒီအက်စ်ကပ်ရောဂါအဆုံးသတ်စို့”**ဆိုပြီး ယခုနှစ်၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားပြီး ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများအပြင် အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေးလုပ်ငန်းများကို ပြန်လည်အရှိန်မြှင့်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူဦးရေ ၂၄၁,၆၆၂ ဦးခန့်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း (HIV prevalence) မှာ သုည ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို (AIDS Epidemic Model– AEM) ဖြင့် ခန့်မှန်းတွက်ချက်မှုအရ သိရှိရကြောင်း။

HIV/ AIDS ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း {National Strategic Plan for HIV/AIDS (2021–2025)} နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မြို့နယ် ၃၃၀ လုံးအတွက် အခြေခံမရှိမဖြစ်လိုအပ်သော HIV/ AIDS ကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုလုပ်ငန်းများ (Essential packages for health services – HIV) ကို အမှန်တကယ်လိုအပ်နေသော နေရာဒေသ၊ အမှန်တကယ် လိုအပ်နေသူများအတွက် လက်လှမ်းမီရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် လူနာများကို ပြုစုကုသမှု ပေးနိုင်ရန်အတွက် ၂၀၂၁ ခုနှစ်တွင် မြို့နယ် ၂၇၃ မြို့နယ်တွင် အေအာတီဆေးကုဌာန ၃၆၂ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အေအာတီဆေးကုသမှုလုပ်ငန်းများကို ပိုမိုလက်လှမ်းမီရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သလို မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီ ကူးစက်မှုမှ ကာကွယ်ခြင်းလုပ်ငန်း (PMTCT)ကိုလည်း ယခုနှစ်တွင် မြို့နယ် ၃၃၀ အထိ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကာကွယ်ရေးနှင့် ပြုစုကုသပေးရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေ တိုးမြှင့်ထောက်ပံ့ပေးမှုများကြောင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေ ထည့်ဝင်မှုမှာလည်း ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ကာ အေအာတီဆေးကုသရေးလုပ်ငန်းအတွက် ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်အတွက် ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ခွဲဝေချထားပေးလျက်ရှိကြောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ သန်းအထိ ခွဲဝေချထားပေးခဲ့ပြီး နောင်လာမည့်နှစ်များတွင်လည်း ပိုမိုခွဲဝေချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကျိုးရလဒ်အနေဖြင့် ခန့်မှန်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူဦးရေ နှစ်သိန်း လေးသောင်းကျော်အနက် ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ လူနာပေါင်း တစ်သိန်း ကိုးသောင်းကျော် (ခန့်မှန်းအိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူအားလုံး၏ ၇၈ ရာခိုင်နှုန်း)ထိ ကုသမှုပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

အိပ်ချ်အိုင်ဗွီ ကာကွယ်ရေးနည်းဗျူဟာအသစ်များဖြစ်သည့် အိပ်ချ်အိုင်ဗွီ ကူးစက်ရန် အန္တရာယ် (Substantial risk) ရှိသည့် ဦးတည်အုပ်စုဝင်များကို Pre Exposure Prophylaxis (PrEP)၊ ရောဂါမဖြစ်မီ ဆေးကြိုတင်တိုက်ကျွေးခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသားချင်း ချစ်ခင်စုံမက်သူများအတွက် Demonstration project အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုကုသရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့်အကျိုးကြောင့် မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီရောဂါအသစ် ကူးစက်ခံရမှု (HIV incidence)ကို ကြည့်မည်ဆိုလျှင် ၂၀၀၀ ပြည့်နှစ်တွင် ၂၆,၅၆၉ ဦးခန့်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၉,၀၈၁ ဦးအထိ ကျဆင်းလာခဲ့သည်ကို တွေ့ရကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးရှိလူနာများအား စဉ်ဆက်မပြတ် ပြုစုကုသစောင့်ရှောက်ရန် (Continuum of care) နှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအား ခွဲခြားနှိမ့်ချဆက်ဆံခြင်းများ လုံးဝပပျောက်အောင် ဆောင်ရွက်ရန် (Zero discrimination) စသည့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စိန်ခေါ်မှုများစွာ ကျန်ရှိနေဆဲဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကိုယ်ခံအားစနစ်ကို တိုက်ခိုက်ခံရသည့် ရောဂါခံစားနေရသော ကိုယ်ခံအားနည်းသူများကို ဦးစားပေးအုပ်စုများအဖြစ် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည့်အတွက် အိပ်ချ်အိုင်ဗွီ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အိပ်ချ်အိုင်ဗွီ ကူးစက်ခံထားရသူများမှ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံကြရန် တိုက်တွန်းလိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီ ပိုးကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (Regional Director) Dr. Poonam Khetrapal Singh ၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Deputy Head of Office, Dr. Fabio Caldas de Mesquita က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၏ ကိုယ်စား ဒေါ်သီသီနွယ်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့၏ အရေးကြီးမှုနှင့် ပြည်သူလူထု အခြေပြုအဖွဲ့အစည်းများ၏ လိုလားမျှော်မှန်းချက်များအား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

---

# အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁

**“ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ” ( ၂ / ၂၀၂၁ ) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ရေရှည်တည်တံ့ခိုင်မြဲသော အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းနောင်ရေးဗဟို ရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မိမိတို့ကော်မတီကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

အကြံပြု ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

# ရေကြည်မြို့နယ် သမဝါယမကဏ္ဍမှ စပါးစံပြကွက် ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆင်းဇေရီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ ပိုင်ဆိုင်သည့် လယ်ယာမြေများပေါ်တွင် မျိုးသန့်စပါးများ စိုက်ပျိုးထားရှိခဲ့ရာ အဆိုပါ စပါးစံပြ ရိတ်သိမ်းပွဲ အခမ်းအနားကို မြို့နယ်သမဝါယမ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ၊ အသင်းသား တောင်သူများ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ရေကြည်မြို့နယ် သမဝါယမအသင်းစုက တောင်သူများ စိုက်ပျိုးထားရှိသည့် ဧည့်မထစပါးတင်းပေါင်း ၃၀၀၀၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားနှင့် ကာယပညာဦးစီးဌာန ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၁/၂၀၂၁) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၁/၂၀၂၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ (Multipurpose Hall)၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများသည် ဝန်ကြီးဌာနအဖွဲ့အစည်းတိုင်းတွင် အရေးကြီးကြောင်း၊ စနစ်တကျမှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် သိရှိနားလည် တတ်ကျွမ်းထားရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေး စည်းမျဉ်း/ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် စာရင်းစစ် ကန့်ကွက်ချက်များမရှိစေရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို စာအုပ်ထဲတွင် မထားခဲ့ဘဲ လက်တွေ့အသုံးချ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနတိုင်းတွင် ကြုံတွေ့နေရဆဲဖြစ်သည့် မျိုးဆက်ပြတ်လပ်မှုပြဿနာ၊ ငွေစာရင်းကိစ္စများ၊ စာရင်းသွင်းမမှန်ခြင်း၊ ခွင့်ပြုချက်အတိုင်း သုံးစွဲမှုမရှိခြင်း၊ အသုံးစရိတ်များ မှန်ကန်အောင် သုံးစွဲမှုမရှိခြင်းအစရှိသည့် ဖြစ်စဉ်မျိုးကို အတတ်နိုင်ဆုံးအမှားအယွင်းမရှိဘဲ မှန်ကန်စွာ အသုံးချဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဌာနခွဲ၊ ဒေသများသို့ ပြန်ရောက်သည့်အခါ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် ငွေစာရင်းလုပ်ငန်းများ အမှားအယွင်းမရှိစေရေး၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်းဆင်းလက်မှတ်ချီးမြှင့်၍ သင်တန်းနည်းပြဆရာမ ဒေါ်လင်းလင်းထွန်းအား ဂုဏ်ပြုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာ သင်တန်းအမှတ်စဉ်(၁/၂၀၂၁) ကို အားကစားနှင့် ကာယပညာဦးစီးဌာနခွဲများမှ (ဝန်ထမ်း) သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်သင်ကြားသွားမည်ဖြစ်ပြီး ဌာနရှိ ကွန်ပျူတာ နည်းပြဆရာ ဆရာမများက ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်ကြားပို့ချရာတွင် အသုံးပြုမည့် ကွန်ပျူတာအခန်းနှင့် ကွန်ပျူတာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းပေါ်နေကလေးများအတွက် ပညာဆက်လက်သင်ကြားနိုင်ခြင်း မရှိပါက သက်မွေးပညာများ သင်ကြားပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဒီဇင်ဘာ ၁

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ ဦးဆောင်၍ ဆက်စပ်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည့် လမ်းပေါ်နေကလေးများလျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက်(မူကြမ်း) ဒုတိယအကြိမ်အား ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများ တက်ရောက်ကြသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လမ်းပေါ်နေကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်(မူကြမ်း) အား ပထမအကြိမ်တွင် Desk Review ဖြင့် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံချက်နယ်မြေနှင့် စီမံချက်ကာလများ သတ်မှတ်ထားရှိခဲ့ပါကြောင်း၊ ယခုလက်ရှိတွင် စီမံချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် Action Plan အား အတည်ပြုဆွေးနွေးရန် ဖြစ်ပါကြောင်း၊ ဆက်လက်၍ မကြာမီကျင်းပမည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေး၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ လမ်းပေါ်နေကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝတို့အတွက် မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ကလေးများ၏ အတွေးအခေါ်ကို အဓိကပြောင်းလဲပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လမ်းပေါ်နေ ကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ စနစ်တကျဆန်းစစ်လေ့လာခြင်း၊ စာရင်းရေးသွင်းခြင်း၊ အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ လိုအပ်သည့် ထောက်ပံ့မှုများ ရရှိနိုင်ရန် ပံ့ပိုးပေးခြင်းနှင့် သက်ဆိုင်ရာသို့ ချိတ်ဆက်ညွှန်းပို့ ဆောင်ရွက်ခြင်းတို့အပါအဝင် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းနှင့် မှတ်တမ်းထားရှိခြင်းတို့ကို စီမံချက်စတင်ချိန်မှ စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဓိကမှာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပါ၍ စီမံချက်ဒေသများအလိုက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားဆက်စပ်ဌာနများမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုသင်တန်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း အသိပညာပေးသင်တန်းတို့ကို ထဲထဲဝင်ဝင် သင်ကြားပို့ချပေးထားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ)က စီမံချက်(မူကြမ်း) ဒုတိယအကြိမ်နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ် အသေးစိတ်တို့ကို ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စီမံချက်အပေါ် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဆန်းစစ်လေ့လာသည့် အချက်အလက်များအတွက် စာရင်းအင်းတိကျမှန်ကန်မှုရှိရေးနှင့် ပြန်လည်သုံးသပ်ခြင်း၊ အစီရင်ခံတင်ပြခြင်းတို့တွင် ခိုင်မာတိကျသည့် အချက်အလက်များ ဖြစ်ပေါ်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များတွင် ပြန်လည်အသုံးချနိုင်ပြီး နိုင်ငံ၏စီမံကိန်းလုပ်ငန်းစဉ်များတွင် ထည့်သွင်းနိုင်ရေးအတွက် ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ကနဦးစီမံချက်နယ်မြေများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးမှူးတို့က စီမံချက်နယ်မြေအလိုက် လမ်းပေါ်နေကလေးများ၏ အခြေအနေများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ လမ်းပေါ်နေကလေးများ၏ လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လမ်းပေါ်နေကလေးများအတွက် ဆောင်ရွက်ရာတွင် အဓိကမှာ ကလေးများကျောင်းတက်နိုင်ရေးဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ကြားနိုင်ခြင်း မရှိပါက သက်မွေးပညာများသင်ကြားပေးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း (Volunteer) များအား စနစ်တကျသင်ကြား လေ့ကျင့်၍ ၎င်းတို့အတွက် ထောက်ပံ့မှုအစီအစဉ်များကို ဆောင်ရွက်နိုင်ရေး၊ ကျောင်းပညာ ဆက်လက်သင်ကြားနိုင်မည့် ကလေးသူငယ်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်မှ Conditional Cash Transfer Program ဖြင့် ထောက်ပံ့နိုင်ရေး၊ ကျောင်းပြင်ပ ပညာဆက်လက်သင်ကြားနိုင်မည့် ကလေးများအတွက် Mobile Schools အစီအစဉ်များ ဆောင်ရွက်၍ တိုင်းဒေသကြီး / ပြည်နယ်များတွင် စီမံချက်နယ်မြေများ တိုးချဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာနိုင်ကာ ၂.၁၂.၂၀၂၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ မုန်တိုင်းငယ် (Depression) အဖြစ်သို့လည်းကောင်း၊ (၃.၁၂.၂၀၂၁)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

✳ *ကျောဖုံးမှ*

တို့နှင့်အတူ အမရပူရမြို့နယ်၊ ဆေးအိုးဘိုအဝိုင်းအနီး တွင် လည်းကောင်း၊ **ရှိုင်းအောင် (၂၁) နှစ်** အား ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီးတွင် လည်းကောင်း၊ **ထက်လင်းခိုင် (ခ) ဒီပ (၂၃) နှစ်** အား ချမ်းမြသာစည်မြို့နယ်၊ ၅၁ လမ်း x ၅၂ လမ်း၊ ၁၁၀ (B) လမ်းတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ရှိုင်းအောင်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၄ ရက်တွင် **ဖြိုးသုန်ထွန်း (၂၁)နှစ်** အား ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီးတွင် လည်းကောင်း၊ **မျိုးကို (ခ) မျိုးကျော် (၂၀) နှစ်၊ အောင်မျိုးဝင်း (၂၁) နှစ်** နှင့် **ရှင်းသန့်နိုင် (၁၇) နှစ်**တို့ သုံးဦးကို လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း တစ်လုံး တို့နှင့် အတူ ပုသိမ်ကြီးမြို့နယ်၊ နွယ်နီ ကျေးရွာအနီးတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ထက်လင်းခိုင် (ခ) ဒီပ** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၅ ရက်တွင် **သိန်းအောင် (ခ) သိန်းစိုး(၂၀)နှစ်၊ သန့်ဇင်ဝင်း(၁၉) နှစ်**နှင့် **ပိုးသဥ္ဇာကျော်(၂၀)နှစ်**တို့ သုံးဦးအား ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင် ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ဖမ်းဆီးရမိခဲ့ပြီး တရားခံများ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၈ ရက်တွင် **အောင်ခန့်ဇော် (၂၁) နှစ်**အား ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာတွင် လည်းကောင်း၊ ၎င်း၏ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၅ ရက်တွင် **ခင်အေးမော် (၅၀)နှစ်**အား ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်တွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၃၀ ရက်တွင် MPDF အကြမ်းဖက်အဖွဲ့မှ **အောင်သူရကျော် (ခ) ဇီးကွက် (၂၆) နှစ်၊ ကျော်စွာသက် (၂၁) နှစ်၊ ဝေယံထွန်း (၂၄) နှစ်၊ ကျော်မင်းသူ (၃၁) နှစ်၊ စည်သူဖြိုး (၂၇) နှစ်၊ သူရအောင် (ခ) ရှမ်းပုတ် (၂၉) နှစ်၊ ဇင်မင်းဌေး (၂၂) နှစ်၊ သီဟဇော် (၂၂) နှစ်၊ လှိုင်ဦး (၂၁) နှစ်၊ ကိုထွေး (ခ) မင်းသက်ထွေး (၃၃) နှစ်၊ မိုးဝင်း (၃၇) နှစ်၊ ချောစုစုဝေ (၂၂) နှစ်၊ အိမြတ်နိုးဦး (၂၈) နှစ်နှင့် ချစ်ဖူးငုံ (၂၈) နှစ်**ပါ ၁၄ ဦးကို ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်းနှင့် ၇၂ လမ်းထောင့်ရှိ GIZA BAR RESTAURANT တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မတ္တရာမြို့နယ်၊ တောင်ခေါင်းကျေးရွာ၊ လိပ်ကျရေတံခွန် အပါအဝင် အနီးဝန်းကျင်အား သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာ KIA သောင်းကျန်းသူထုတ် KA-2-5 ခေါက်ဒင် ခုနစ်လက်၊ KA-2-5 ခုနစ်လက်၊ TYPE 81 ခြောက်လက်၊ M79 ဗုံးပစ်လောင်ချာ တစ်လက်၊ ပေါင်း ၂၁ လက်၊ ကျည်အိမ် ၂၀၊ ၅.၅၆ ကျည်တောင့် ၁၄၅၀၊ 7.62 ကျည် ၅၀၀၊ 12 ဗို့ကျည် ၆၁ တောင့်၊ ၄၀ မမ ဗုံးသီး ၁၅ လုံး၊ လက်ပစ်ဗုံး ၂၀၊ လက်လုပ်မိုင်း နှစ်လုံး၊ ဒီတိုနေတာ (လျှပ်စစ်) ၉၉၃ ခု၊ ဒီတိုနေတာ(မီးရှို့) ၁၃၄ ခု၊ အီကွေမန့် သုံးစုံနှင့် MPDF တံဆိပ်ပါအလံ သုံးခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ အောင်သူရကျော် (ခ) ဇီးကွက်၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁ ရက်တွင် **ဝင်းလှိုင် (၄၁) နှစ်**ကို ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ ၆၀ (ဒီ) လမ်းတွင် လည်းကောင်း၊ **သီဟကို (၂၄)နှစ်** နှင့် **ဝေသူအောင် (၂၈) နှစ်**တို့ နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၉x၁၃၀ လမ်း၊ ၅၈x၅၉ လမ်းတွင်လည်းကောင်း၊ **စိုင်းဇော်ဦး (၂၂) နှစ်**အား အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်တွင် လည်းကောင်း၊ **ဖြိုးဝေ (၂၁) နှစ်**အား မြစ်သားမြို့နယ်၊ ရိုးကန်ကျေးရွာ တွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **အောင်သူရကျော် (ခ) ဇီးကွက်**ပါ ကျား ၂၈ ဦး၊ မ ငါးဦး ပေါင်း ၃၃ ဦးကို လက်နက်မျိုးစုံ ၂၂ လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ၂၂ ခု၊ ကျည်မျိုးစုံ ၂၀၂၆ တောင့်၊ ၄၀ မမ ဗုံးသီး ၁၅ လုံး၊ လက်ပစ်ဗုံး ၂၁ လုံး၊ လက်လုပ်မိုင်း ငါးလုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ **သူရအောင်၊ ဇင်ဝိုင်း (ခ) မျိုးချစ်** တို့သည် KIA တပ်မဟာ (၈) တွင်လည်းကောင်း၊ **ထက်လင်းခိုင်(ခ) ဒီပ** သည် KIA တပ်မဟာ (၃) တွင်လည်းကောင်း အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ပြီး ကျန်ဖမ်းဆီးရမိ တရားခံများသည် PDF အကြမ်းဖက် ဆင့်ပွားသင်တန်းများ တက်ရောက်ပြီးသူများ ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် နောင်ရိုးအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ကိုဇော် (ခ) ကမ္ဘာ** ၏ စေခိုင်းချက်အရ **အောင်ဖြိုး (ခ) ကိုဖြိုး** သည် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၅ လမ်းနှင့် ၁၂၆ လမ်းကြား၊ ဗိုလ်ချုပ်ပန်းခြံအနီးရှိ ကျောင်းဝင်းအတွင်း လက်လုပ်ဗုံးဖြင့်လည်းကောင်း။

အောက်တိုဘာ ၂၁ ရက်တွင် YDF အကြမ်းဖက်အဖွဲ့မှ **ဖြိုးသုန်ထွန်း** သည် ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ) ရပ်ကွက်၊ ၄၈ လမ်းနှင့် ၄၉ လမ်းကြားရှိ ရွှေငါးစတိုးဆိုင်အား လက်လုပ်ဗုံးဖြင့် လည်းကောင်း။ *စာမျက်နှာ ၁၁ သို့*

## မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့သော တရားခံများ ဖမ်းဆီးရရှိမှု အခြေပြဇယား








အောက်တိုဘာ ၂၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဠ)ရပ်ကွက်ရှိ ရွှေငါးစတိုးဆိုင်အား ဒလန်ဟုစွပ်စွဲ၍ လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



YDF အကြမ်းဖက်အဖွဲ့ဝင်များ နေထိုင်သည့် Safe House မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၀ မှ*

အောက်တိုဘာ ၂၂ ရက်တွင် YDF အကြမ်းဖက်အဖွဲ့မှ **မျိုးကို(ခ) မျိုးကျော်**နှင့် **အောင်မျိုးဝင်း (ခ) မျိုးကြီး** တို့ နှစ်ဦးသည် ချမ်းအေးသာဇံမြို့နယ်၊ ၆၂ လမ်းနှင့် ၃၂ (အေ) လမ်းထောင့်ရှိ မြတံခွန်နှင့် အောင်သန်းဆုထီဆိုင်အား လက်လုပ်ဗုံးဖြင့် လည်းကောင်း။

အောက်တိုဘာ ၃၁ ရက်တွင် YDF အကြမ်းဖက်အဖွဲ့မှ **ရှင်းသန့်နိုင်၊ အောင်မျိုးဝင်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဝဏ္ဏကို** တို့ သုံးဦးသည် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးရှိ Royal One KTV ဆိုင်အား လက်လုပ်ဗုံးဖြင့် လည်းကောင်း ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် စက်တင်ဘာ ၂၄ ရက်တွင် အောင်ဖြိုး (ခ) ကိုဖြိုးသည် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

စက်တင်ဘာ ၂၅ ရက်တွင် နောင်ရိုး အကြမ်းဖက်အဖွဲ့မှ အောင်ဖြိုး (ခ) ကိုဖြိုး သည် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

အောက်တိုဘာ ၂၀ ရက်တွင် နောင်ရိုး အကြမ်းဖက်အဖွဲ့မှ **ထက်လင်းခိုင် (ခ) ဒီပ**သည် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်မှ ရစဖအဖွဲ့ဝင် **ဦးကျော်ကျော်**အား လက်နက်ငယ်ဖြင့် လည်းကောင်း။

အောက်တိုဘာ ၃၀ ရက်တွင် နောင်ရိုး အကြမ်းဖက်အဖွဲ့မှ **အောင်ဖြိုး (ခ) ကိုဖြိုး** သည် ဖမ်းဆီးရန်ကျန် တရားခံ ကွေးကွေး၏ စေခိုင်းချက်အရ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်မှ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၃ ရက်တွင် YDF အကြမ်းဖက်အဖွဲ့မှ **ဖြိုးသုန်ထွန်း (ခ) ကိုဖြိုး** သည် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၁၁၀ လမ်းနှင့် ၅၉ လမ်းထောင့်ရှိ ဆိုင်ကယ်အရောင်းဆိုင်မှ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့်လည်းကောင်း ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ NLD ပါတီမှ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း **ကျော်စိုးလင်း** ၏ ချိတ်ဆက်ပေးမှုဖြင့် KIA တပ်မဟာ (၆) နှင့် (၈) တို့တွင် အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ပြီး ဖမ်းဆီးရမိလက်နက်ခဲယမ်းများအား KIA သောင်းကျန်းသူအဖွဲ့မှ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ **နက္ခတ် (ခ) နိုင်နိုင်ထွန်း** နှင့် **ကျော်စိုးလင်း** တို့၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် လုပ်ကြံသတ်ဖြတ်မှုများအား ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရေး ပြည်ပနိုင်ငံများရှိ အစွန်းရောက် NLD ပါတီထောက်ခံသူများနှင့် အဖွဲ့အစည်းအချို့မှ လိုအပ်သော ငွေကြေးများ ထောက်ပံ့ပေးလျက် ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**


ဇင်ဝိုင်း (ခ) မျိုးချစ် (MPDF အကြမ်းဖက်အဖွဲ့) ထံမှ သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်နှင့် လက်လုပ်ဗုံးများ။


YDF အကြမ်းဖက်အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်းများ မှတ်တမ်းဓာတ်ပုံ။


အောက်တိုဘာ ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်းနေ ရစဖအဖွဲ့ဝင် ဦးရွှေဝင်း ၏ ထီဆိုင်ဖွင့်လှစ်ထားသော နေအိမ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


စက်တင်ဘာ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား ဒလန်ဟု သတ်မှတ်ပြီး နေအိမ်အတွင်းဝင်ရောက်၍ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




စက်တင်ဘာ ၂၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်တွင် နေထိုင်သည့် အပြစ်မဲ့ပြည်သူ တစ်ဦးအား ဒလန်ဟု စွပ်စွဲ၍ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နိုဝင်ဘာ ၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ BAJAJ ဆိုင်ကယ်အရောင်းဆိုင်ရှေ့တွင် အပြစ်မဲ့ပြည်သူတစ်ဦးအား ဒလန်ဟု သတ်မှတ်၍ ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အောက်တိုဘာ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက် ရစဖအဖွဲ့ဝင် ဦးကျော်ကျော်အား ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


နောင်ရိုးအကြမ်းဖက်အဖွဲ့ဝင် အောင်ဖြိုး (ခ) ကိုဖြိုး (ခ) ကိုစိုး ထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

❊ *ကျော်ဖုံးမှ*

မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နေအိမ် ၃၆၀ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများကြောင့် ပုဂ္ဂလိကလူနေအိမ်ပျက်စီးဆုံးရှုံးမှု**

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင် မြို့နယ် | နေအိမ်အဆောက်အဦ အခင်းဖြစ်နေရာ | ဖြစ်စဉ် အကျဉ်း |
|---|---|---|---|---|---|
| ၁ | ၁၃-၃-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | နေအိမ်ခြံစည်းရိုး | မီးရှို့ဖျက်ဆီးမှု။ |
| ၂ | ၁၇-၃-၂၀၂၁ | မန္တလေး | မြင်းခြံ | ကျောင်းစောင့်တဲ | မီးရှို့ဖျက်ဆီးမှု။ |
| ၃ | ၁၇-၃-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | ပွဲရုံ | မီးရှို့ဖျက်ဆီးမှု။ |
| ၄ | ၁၇-၃-၂၀၂၁ | ပဲခူး | ကြို့ပင်ကောက် | စပါးဂိုဒေါင် | မီးရှို့ဖျက်ဆီးမှု။ |
| ၅ | ၃၀-၃-၂၀၂၁ | ကချင် | မြစ်ကြီးနား | အိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၆ | ၆-၄-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၇ | ၇-၄-၂၀၂၁ | ကရင် | ဘားအံ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၈ | ၈-၄-၂၀၂၁ | နေပြည်တော် | လယ်ဝေး | ပုဏ္ဏမိဂဇ်ဝေသီလရှင် စာသင်တိုက်ကျောင်း | မီးရှို့ဖျက်ဆီးမှု။ |
| ၉ | ၈-၄-၂၀၂၁ | ရန်ကုန် | ရန်ကင်း | အောင်ဇေယျလမ်းရှိ CURVY အမျိုးသမီး အထည်ဆိုင် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၀ | ၁၀-၄-၂၀၂၁ | ပဲခူး | လက်ပံတန်း | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၁ | ၁၀-၄-၂၀၂၁ | မန္တလေး | တောင်သာ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၂ | ၁၀-၄-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၃ | ၁၃-၄-၂၀၂၁ | ကချင် | မြစ်ကြီးနား | Mytel ဆက်သွယ်ရေးကုမ္ပဏီ အဆောက်အဦဝင်း | မီးရှို့ဖျက်ဆီးမှု။ |
| ၁၄ | ၁၃-၄-၂၀၂၁ | မန္တလေး | စဉ့်ကိုင် | စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၁၅ | ၁၅-၄-၂၀၂၁ | ရန်ကုန် | သန်လျင် | လက်ဖက်ရည်ဆိုင် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၆ | ၁၆-၄-၂၀၂၁ | နေပြည်တော် | ဥတ္တရသီရိ | သက္ကယ်မိုး /ပျဉ်ခင်း နားနေဆောင် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၇ | ၁၇-၄-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ကာပေါင်းကျကျေးရွာနေအိမ်များ | မီးရှို့ဖျက်ဆီးမှု။ |
| ၁၈ | ၁၇-၄-၂၀၂၁ | တနင်္သာရီ | မြိတ် | မြစ်မရပ်ကွက် ဒေါနလမ်းနေ ရာအိမ်မှူး၏နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၉ | ၁၈-၄-၂၀၂၁ | မန္တလေး | တောင်သာ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၀ | ၁၈-၄-၂၀၂၁ | မကွေး | ပခုက္ကူ | နေအိမ် | နေအိမ်အား ဖျက်ဆီး။ |
| ၂၁ | ၂၀-၄-၂၀၂၁ | တနင်္သာရီ | မြိတ် | မြိတ်တောင်ရပ်ကွက်အမျိုးသား အင်အားစုအသင်း (မြိတ်)မှ ဒုဥက္ကဋ္ဌ၏ နေအိမ် | လက်လုပ်မိုင်း ဖြင့် ဖောက်ခွဲ ဖျက်ဆီးမှု။ |
| ၂၂ | ၂၀-၄-၂၀၂၁ | ပဲခူး | ကဝ | မုဒုကျေးရွာနေ ရစဖမှူး၏ နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၃ | ၂၀-၄-၂၀၂၁ | မွန် | ကျိုက်ထို | သိမ်ဇရပ်မြို့ အမှတ်(၄) နဝရတ်ရပ်ကွက်ဆရာစံလမ်းရှိ လက်ဖက်ရည်ဆိုင် | လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးမှု။ |
| ၂၄ | ၂၁-၄-၂၀၂၁ | မန္တလေး | စဉ့်ကူး | လယ်စောင့်တဲ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၅ | ၂၁-၃-၂၀၂၁ | မန္တလေး | မတ္တရာ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၆ | ၂၂-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | အဆောက်အဦ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၇ | ၂၃-၄-၂၀၂၁ | တနင်္သာရီ | ပုလောမြို့ | ဆိုင် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၈ | ၂၄-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၉ | ၂၅-၄-၂၀၂၁ | စစ်ကိုင်း | အင်းတော် | လူမနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၃၀ | ၂၆-၄-၂၀၂၁ | ပဲခူး | ကြို့ပင်ကောက် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၃၁ | ၂၆-၄-၂၀၂၁ | မန္တလေး | အမရပူရ | ဘုန်းကြီးကျောင်း | အကြမ်းဖက် ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၃၂ | ၂၇-၄-၂၀၂၁ | စစ်ကိုင်း | ကလေး | ရပ်/ကျေး ဥက္ကဋ္ဌနေအိမ် | တူမီးသေနတ်များ ဖြင့် ပစ်ခတ်ဖျက်ဆီး။ |
| ၃၃ | ၂၇-၄-၂၀၂၁ | မန္တလေး | အမရပူရ | ဘုန်းကြီးကျောင်း | အကြမ်းဖက်ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၃၄ | ၂၇-၄-၂၀၂၁ | ပဲခူး | ပဲခူး | ကျွန်ဖူး "ဝိုင်"ထုတ်လုပ်ရေး ဂိုဒေါင် | အကြမ်းဖက်ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၃၅ | ၂၈-၄-၂၀၂၁ | မန္တလေး | အမရပူရ | နေအိမ် | အကြမ်းဖက် ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၃၆ | ၂၈-၄-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | မန္တလေးဒုတိယမြို့တော်ဝန်နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၃၇ | ၂-၅-၂၀၂၁ | နေပြည်တော် | ပုဗ္ဗသီရိ | ဆိုင် | မီးရှို့ဖျက်ဆီးမှု။ |
| ၃၈ | ၂-၅-၂၀၂၁ | နေပြည်တော် | လယ်ဝေး | လူနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၃၉ | ၃-၅-၂၀၂၁ | ကရင် | ကျုံဒိုး | (၁)ရပ်ကွက်ရှိ ကော့ကရိတ်ခရိုင် ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌ၏ နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၄၀ | ၃-၅-၂၀၂၁ | ပဲခူး | ပြည် | ဆံတော်ရပ်ကွက် ပန်းဘဲတန်းလမ်းနေ မြို့နယ်ပညာရေးမှူး၏နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၄၁ | ၄-၅-၂၀၂၁ | နေပြည်တော် | လယ်ဝေး | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၄၂ | ၄-၅-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | နေအိမ် | အကြမ်းဖက်ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၄၃ | ၅-၅-၂၀၂၁ | စစ်ကိုင်း | ချောင်းဦး | လူနေအိမ် | အကြမ်းဖက်ပစ္စည်း များဖြင့် ဖျက်ဆီး။ |
| ၄၄ | ၆-၅-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ထွန်းတုံးရပ်ကွက် ၁၀၇(စီ) လမ်းရှိနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၄၅ | ၇-၅-၂၀၂၁ | မန္တလေး | မတ္တရာ | မြွေဟသ်ာတောတန်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၄၆ | ၈-၅-၂၀၂၁ | စစ်ကိုင်း | တမူး | မြို့သစ်မြို့ သနန်ကျေးရွာ | လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၄၇ | ၉-၅-၂၀၂၁ | ပဲခူး | ဖြူး | ကညွတ်ကွင်းမြို့ (၂)ရပ်ကွက်၊ နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၄၈ | ၉-၅-၂၀၂၁ | ပဲခူး | ရေတာရှည် | ဆွာမြို့မြောက်ပိုင်း ရပ်ကွက်၊ နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၄၉ | ၁၂-၅-၂၀၂၁ | ချင်း | ဟားခါး | နီရ်လောန်းကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၀ | ၁၂-၅-၂၀၂၁ | ချင်း | ဟားခါး | နီရ်လောန်းကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၁ | ၁၂-၅-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၁)ရပ်ကွက်၊ ၁၀၄x၁၀၅လမ်းကြား | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၂ | ၁၃-၅-၂၀၂၁ | မွန် | ရေး | အုန်းတောတိုးချဲ့ ရပ်ကွက် (၅)လမ်း အမှတ်(၁၂) နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၃ | ၁၄-၅-၂၀၂၁ | ရှမ်း | မိုင်းယောင်း | ကုက္ကိုလ်ပင်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၄ | ၁၅-၅-၂၀၂၁ | ပဲခူး | ညောင်လေးပင် | မဒေါက်မြို့မြို့မ(၁)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၅၅ | ၁၅-၅-၂၀၂၁ | ပဲခူး | ညောင်လေးပင် | မဒေါက်မြို့မြို့မ(၂) ရပ်ကွက်ရှိရပ်ကွက် အုပ်ချုပ်ရေးမှူး၏နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၅၆ | ၁၈-၅-၂၀၂၁ | ကရင် | ကြာအင်းဆိပ်ကြီး | "အောင်အောင်"ခေတ်မီဆံသဆိုင်ရှေ့ | လက်ပစ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၅၇ | ၁၉-၅-၂၀၂၁ | ချင်း | တီးတိန် | ပူးပေါင်းစစ်ဆေးရေးဂိတ် | မီးရှို့ဖျက်ဆီးမှု။ |
| ၅၈ | ၁၉-၅-၂၀၂၁ | စစ်ကိုင်း | အရာတော် | ထန်းတောကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၅၉ | ၁၉-၅-၂၀၂၁ | နေပြည်တော် | လယ်ဝေး | ကြို့ပင်ကြီးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၆၀ | ၂၁-၅-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ရဲခွေးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၆၁ | ၂၁-၅-၂၀၂၁ | မွန် | ချောင်းဆုံ | ခရိုက်သစ်ကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |

ထန်တလန်မြို့မီးရှို့ဖျက်ဆီးခံရမှု



တောင်တွင်းကြီးမြို့နယ်၌ လက်လုပ်ဗုံး ပေါက်ကွဲမှုကြောင့် အမျိုးသား ၁ ဦး ဒဏ်ရာရရှိမှု



မောင်မောင်စိုး (ဒဏ်ရာရ)





ဒေါ်ဖြူဖြူထိုက် နေအိမ်စတိုးဆိုင်



ဦးအောင်ဝင်း ရှမ်းခေါက်ဆွဲဆိုင်

စာမျက်နှာ ၁၃ သို့

*စာမျက်နှာ ၁၂ မှ*

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင် မြို့နယ် | နေအိမ်အဆောက်အဦ အခင်းဖြစ်နေရာ | ဖြစ်စဉ် အကျဉ်း |
|---|---|---|---|---|---|
| ၆၂ | ၂၂-၅-၂၀၂၁ | ကချင် | မိုးညှင်း | အရှေ့စုရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၆၃ | ၂၂-၅-၂၀၂၁ | ကယား | ဒီးမော့ဆို | ဒေါတဝီကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၆၄ | ၂၂-၅-၂၀၂၁ | မွန် | ချောင်းဆုံ | ကမာကေးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၆၅ | ၂၅-၅-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | ရွာစဉ်ကျေးရွာ | နေအိမ်အဆောက်အဦ များအား အကြမ်းဖက်ဖျက်ဆီးမှု။ |
| ၆၆ | ၂၆-၅-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၆၇ | ၂၇-၅-၂၀၂၁ | ပဲခူး | ဖြူး | ကညွတ်ကွင်းမြို့၊ ကွင်းအရှေ့(၁)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၆၈ | ၂၈-၅-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | ရွှေချီရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၆၉ | ၂၈-၅-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | မြင်းတန့်ကျေးရွာ | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၇၀ | ၃၀-၅-၂၀၂၁ | စစ်ကိုင်း | ကသာ | သူဌေးကုန်းရပ်ကွက် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၇၁ | ၃၀-၅-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | ကြာနီကန်ကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၇၂ | ၃၀-၅-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | (၃၇)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၇၃ | ၃၁-၅-၂၀၂၁ | ဧရာဝတီ | ပုသိမ် | (၄)ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၇၄ | ၂-၆-၂၀၂၁ | စစ်ကိုင်း | ကလေး | အရှေ့စည်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၇၅ | ၃-၆-၂၀၂၁ | ဧရာဝတီ | ပန်းတနော် | ဝဲဒေါင့်ကျေးရွာ အုပ်စု | မီးရှို့ဖျက်ဆီးမှု။ |
| ၇၆ | ၄-၆-၂၀၂၁ | မကွေး | ဂန့်ဂေါ | တောင်ခင်ရန်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၇၇ | ၆-၆-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ဘန့်ဘွေးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၇၈ | ၇-၆-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | (၀)ရပ်ကွက် | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၇၉ | ၈-၆-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | မြို့မကျေးရွာလမ်းဆုံ | မီးရှို့ဖျက်ဆီးမှု။ |
| ၈၀ | ၈-၆-၂၀၂၁ | မန္တလေး | ကျောက်ဆည် | အရှေ့ငယ်တိုးကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၈၁ | ၉-၆-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | မေတ္တာမြိုင်ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၈၂ | ၁၁-၆-၂၀၂၁ | မကွေး | မြိုင် | နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၈၃ | ၁၃-၆-၂၀၂၁ | ချင်း | ကန်ပက်လက် | မြို့မ(၁)ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၈၄ | ၁၇-၆-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | မိုင်(၁၀၀)ကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၈၅ | ၁၇-၆-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | တုံပါကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၈၆ | ၁၉-၆-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ကျောက်ခဲတက် ကျေးရွာ | နေအိမ်အဆောက်အဦများအား အကြမ်းဖက်ဖျက်ဆီးမှု။ |
| ၈၇ | ၂၃-၆-၂၀၂၁ | ရှမ်း | ရွာငံ | ရေချမ်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၈၈ | ၂၄-၆-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | ဖက်ရှည်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၈၉ | ၂၅-၆-၂၀၂၁ | စစ်ကိုင်း | ဝန်းသို | အိုးပြစ်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၉၀ | ၂၇-၆-၂၀၂၁ | မွန် | ကျိုက်ထို | ဖက္ကလိပ်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၉၁ | ၃၀-၆-၂၀၂၁ | ရှမ်း | မူဆယ် | ကောင်းမှုတုံရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၉၂ | ၁-၇-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | မိုင်တစ်ရာ (စန်းရွှေပြည်)ကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၉၃ | ၃-၇-၂၀၂၁ | မကွေး | ပေါက် | အောင်တံခွန်ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၉၄ | ၄-၇-၂၀၂၁ | ပဲခူး | ပဲခူး | "ဖြူစင်မေတ္တာ" ပရဟိတရုံး | မီးရှို့ဖျက်ဆီးမှု။ |
| ၉၅ | ၆-၇-၂၀၂၁ | မန္တလေး | ညောင်ဦး | ရွာပုလဲ | မီးရှို့ဖျက်ဆီးမှု။ |
| ၉၆ | ၉-၇-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ကွေ့ချောင်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၉၇ | ၁၃-၇-၂၀၂၁ | စစ်ကိုင်း | ကသာ | လှျော်စစ်ကုန်းရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၉၈ | ၁၄-၇-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | (၌)ရပ်ကွက် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၉၉ | ၁၆-၇-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | (USDP ရပ်/ ကျေးပါတီဝင်)နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၀၀ | ၂၂-၇-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ဗန္ဓုလတိုးချဲ့ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၀၁ | ၂၃-၇-၂၀၂၁ | ချင်း | မင်းတပ် | ဘဝသစ်ရပ်ကွက် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၀၂ | ၂၆-၇-၂၀၂၁ | မကွေး | တောင်တွင်းကြီး | တောင်ပြင်(၂)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၀၃ | ၃၁-၇-၂၀၂၁ | စစ်ကိုင်း | မင်းကင်းမြို့ | ပန်းဆက်ကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၁၀၄ | ၁၉-၆-၂၀၂၁ | ကချင် | မြစ်ကြီးနား | အလယ်မော်ကျေးရွာ | ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၀၅ | ၃၀-၄-၂၀၂၁ | ကချင် | မိုးမောက် | နွှမ်လန်းကျေးရွာ | လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၀၆ | ၆-၄-၂၀၂၁ | မန္တလေး | အမရပူရ | အမရပူရမြို့နယ် လေးစုရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၀၇ | ၇-၄-၂၀၂၁ | ရှမ်း | ဖယ်ခုံ | မြို့ကုန်းရပ်ကွက် ရှမ်းဓမ္မာရုံရှေ့ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၀၈ | ၉-၄-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင် (၄/၅)အနီး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၀၉ | ၉-၄-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | (၉၃)ရပ်ကွက်၊ ရွှေလီလမ်း | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၀ | ၉-၄-၂၀၂၁ | ရှမ်း | သီပေါ | စံဖိတ်ကျေးရွာ ဘောလုံးကွင်းအနီးရှိ ပြည်ထောင်စု လမ်းမကြီးဘေး | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၁ | ၁၁-၄-၂၀၂၁ | နေပြည်တော် | ဇေယျာသီရိ | အောင်သာယာကျေးရွာ ရစဖမှူး၏နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၂ | ၁၃-၄-၂၀၂၁ | မန္တလေး | မတ္တရာ | မတ္တရာမြို့ (၂) ကံသာယာရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၃ | ၁၄-၃-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | ချောင်းကြီးကျေးရွာ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၄ | ၁၄-၃-၂၀၂၁ | မန္တလေး | သပိတ်ကျင်း | ချောင်းကြီးကျေးရွာ | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၅ | ၁၄-၃-၂၀၂၁ | မန္တလေး | စဥ့်ကူး | ကျည်တောက်ပေါက် ကျေးရွာ "Golden Point" လက်ဖက်ရည်ဆိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၆ | ၁၅-၄-၂၀၂၁ | မန္တလေး | မြင်းခြံ | (၂)ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီ ဥက္ကဋ္ဌ၏ နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၇ | ၁၅-၄-၂၀၂၁ | ကချင် | မြစ်ကြီးနား | ရွှေညောင်ပင်ရပ်ကွက် နယ်မြေ(၈) | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၈ | ၁၆-၄-၂၀၂၁ | ကရင် | ကော့ကရိတ် | ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အာရှလမ်းမကြီး | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၁၉ | ၁၆-၄-၂၀၂၁ | မန္တလေး | တောင်သာ | တောင်သာမြို့၊ ညောင်ကုန်းလမ်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၀ | ၁၈-၄-၂၀၂၁ | တနင်္သာရီ | မြိတ် | မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၁ | ၁၉-၄-၂၀၂၁ | မန္တလေး | ရမည်းသင်း | ရမည်းသင်းမြို့ ကျောက်တိုက်စု ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၂ | ၁၉-၄-၂၀၂၁ | မန္တလေး | တောင်သာ | တောင်သာမြို့ (၂)ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၃ | ၁၉-၄-၂၀၂၁ | မန္တလေး | တောင်သာ | တောင်သာမြို့ (၃)ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၄ | ၁၉-၄-၂၀၂၁ | တနင်္သာရီ | ထားဝယ် | ထားဝယ်မြို့ ဝဲကျွန်း ထိန်သစ်ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲ ဖျက်ဆီး။ |
| ၁၂၅ | ၁၉-၄-၂၀၂၁ | ကရင် | ဘုရားသုံးဆူ | ဘုရားသုံးဆူမြို့ (၂)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၆ | ၂၁-၄-၂၀၂၁ | ကချင် | မြစ်ကြီးနား | ဒူကထောင်ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၇ | ၂၁-၄-၂၀၂၁ | ရှမ်း | မိုင်းယောင်း | (၂)ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲ ဖျက်ဆီး။ |
| ၁၂၈ | ၂၄-၄-၂၀၂၁ | ပဲခူး | ပဲခူး | ပဲခူးမြို့ဥဿာမြို့သစ်၊ (၇)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၂၉ | ၂၄-၄-၂၀၂၁ | မန္တလေး | အမရပူရ | အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၀ | ၂၄-၄-၂၀၂၁ | မွန် | မော်လမြိုင် | မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် ဒိုင်းဝန်ကွင်းလမ်း | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၁ | ၂၅-၄-၂၀၂၁ | မန္တလေး | အမရပူရ | ပြည်ခိုင်ဖြိုးပါတီဝင် နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၂ | ၂၅-၄-၂၀၂၁ | မွန် | ရေး | အဘော်ကျေးရွာ နေအိမ်ခြံဝင်း | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၃ | ၂၆-၄-၂၀၂၁ | ကရင် | မြဝတီ | မြဝတီမြို့ အမှတ်(၄) ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၄ | ၂၇-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | မန္တလေးမြို့တော်ဝန်၏ နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၅ | ၂၇-၄-၂၀၂၁ | ရှမ်း | သီပေါ | သီပေါမြို့နယ် စံဖိတ်ကျေးရွာ | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၆ | ၂၈-၄-၂၀၂၁ | စစ်ကိုင်း | ကျွန်းလှ | ကျွန်းလှမြို့ ပိတောက်မြိုင် ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲ ဖျက်ဆီး။ |
| ၁၃၇ | ၂၈-၄-၂၀၂၁ | မန္တလေး | အမရပူရ | အမရပူရမြို့နယ် ဟသ်ာကျေးရွာ | လက်လုပ်အသံဗုံးဖြင့်ဖောက်ခွဲ ဖျက်ဆီး။ |
| ၁၃၈ | ၂၈-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | အင်းစိန်မြို့နယ် မင်္ဂလာလမ်း | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၃၉ | ၂၉-၄-၂၀၂၁ | ကရင် | ကော့ကရိတ် | ကျုံဒိုးမြို့ (၂)ရပ်ကွက် ရစဖမှူး၏နေအိမ် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |

*စာမျက်နှာ ၂၀ သို့*

# ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ရုန်းထွက်လွတ်မြောက်နိုင်ရန် နည်းလမ်းမှာ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေး လှုပ်ရှားမှုကြီးပင်ဖြစ်

**ဂျီနီဗာ ဒီဇင်ဘာ ၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ရုန်းထွက် လွတ်မြောက်နိုင်ရန်နှင့် မကောင်းမှုများနှင့် အကျင့်ပျက်နေသည့် အခြေအနေများက လွတ်မြောက်နိုင်ရန် နည်းလမ်းမှာ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရေး လှုပ်ရှားမှုကြီးပင် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၇၇ နိုင်ငံသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ (ဂျီ-၇၇) အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံတို့ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်ခဲ့သော အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကြီးအကျယ် ထိခိုက်ပျက်စီးစေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် ယခုနှစ်ကုန် ကမ္ဘာ့နိုင်ငံများအားလုံး၏၄၀ရာခိုင်နှုန်းကိုကာကွယ်ဆေးထိုးပေးရန်နှင့် ၂၀၂၂ ခုနှစ် နှစ်လယ်တွင် ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်နှင့်အတူ ထုတ်ပြန်လိုက်သော ကာကွယ်ဆေးထိုးရေး မဟာဗျူဟာကို ထောက်ခံရပ်တည်လျက်ရှိကြောင်း ၎င်းကပြောသည်။

လူတိုင်း၊ နေရာတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရမည်၊ စစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။ ထို့အပြင် ကိုဗက်အစီအစဉ် ကာကွယ်ဆေး ဖြန့်ဝေရေးကို ထောက်ခံရန်လည်း ပြောကြားလိုက်သည်။ **ဆင်ဟွာ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

# တစ်နှစ်အတွင်း လက်တင်အမေရိကရှိ ပြည်သူ ၁၃ ဒသမ ၈ သန်းအထိ အငတ်ဘေးကြုံတွေ့ခဲ့ရကြောင်း ကုလသမဂ္ဂ လေ့လာမှုစစ်တမ်းတစ်ခု၌ဖော်ပြ

ဆန်တီယာဂို ဒီဇင်ဘာ ၁

**လက်တင်အမေရိကနှင့် မြေထဲပင်လယ်တို့တွင် အငတ်ဘေးရင်ဆိုင်နေရသူပေါင်း ၂၀၂၀ ပြည့်နှစ်တွင် ၁၃ ဒသမ ၈ သန်းအထိ မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ချီလီနိုင်ငံ ဆန်တီယာဂိုတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။**



လက်တင်အမေရိကတွင် အစားအစာများ ထောက်ပံ့ပေးကမ်းနေသည်ကို တွေ့ရစဉ်။

အဆိုပါ ကြေညာချက်တွင် ဒေသတွင်း အငတ်ဘေးဖြစ်ပွားမှုသည် ၂၀၀၀ ပြည့်နှစ်ကတည်းက အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါကိစ္စကို ရှင်းရှင်းလင်းလင်းနှင့် ကျယ်ကျယ်လောင်လောင် ပြောကြားရမည်ဖြစ်ကြောင်း၊ လက်တင်အမေရိကနှင့် မြေထဲပင်လယ်တို့သည် စားနပ်ရိက္ခာဖူလုံမှုတွင် ဆိုးရွားသော အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း အစားအစာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ဂျူလီယို ဘားဒ်ဒိစ်က တွစ်တာတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် အခြေအနေကို ပိုမိုဆိုးစေခဲ့ကြောင်း၊ ဒေသတွင်း အငတ်ဘေးသည် ၂၀၁၄ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့၏ ဒေသတွင်း ညွှန်ကြားရေးမှူး ရိုဆာနာ ပိုလက်စ်ထရီက ပြောသည်။

မိမိတို့သည် စားနပ်ရိက္ခာစနစ်၏ ပျော့ကွက်အားနည်းချက်ကို ပြုပြင်ရမည်ဖြစ်ကြောင်း ပိုလက်စ်ထရီက ပြောသည်။ လက်တင်အမေရိက၏ ငတ်မွတ်ခေါင်းပါးမှုမှာ လတ်တလော တွင် ၉ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ၁၅ နှစ်အတွင်း အမြင့်ဆုံးဖြစ်သည်။

အဆိုပါလေ့လာမှုကို အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့၊ လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့၊ ပန်အမေရိက ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့က ပူးတွဲလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ ပထမဆုံး အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ် တွေ့ရှိ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁**

ဘရာဇီးနိုင်ငံသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်၏ ဗီဇပြောင်း အိုမီခရွန်ဗိုင်းရပ်စ်ကို တွေ့ရှိကြောင်း ဖော်ပြခဲ့သည့် လက်တင်အမေရိက၏ ပထမဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်လာသည်။

ဘရာဇီးကျန်းမာရေးအာဏာပိုင်အေဂျင်စီ၏ ထုတ်ပြန်ချက်အရ ချစ်သူစုံတွဲတစ်တွဲတွင် အဆိုပါ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အမျိုးသားမှာ တောင်အာဖရိကမှ ဆော်ပိုလိုသို့ နိုဝင်ဘာ ၂၃ ရက်က ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ၎င်း၏ဇနီးမှာ ခရီးမသွားကြောင်း သိရသည်။

ဘရာဇီးအစိုးရသည် အိုမီခရွန်စတင်တွေ့ရှိခဲ့သည့် တောင်အာဖရိကနိုင်ငံ၏ လေကြောင်းလိုင်းများကို ယာယီပိတ်ထားသည်။ အိုမီခရွန်သည် ဗီဇအမျိုးမျိုးပြောင်းလဲနိုင်ကတည်းက ၎င်းနှင့်ပတ်သက်ပြီး သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးခဲ့သည်။ ကမ္ဘာ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၂ သန်းကျော်ရှိပြီး ၆၁၅၀၀၀ သေဆုံးခဲ့သည်။ **ဆင်ဟွာ**



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးတွင် ကိုဗစ်-၁၉ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

# ဆီးရီးယားနယ်စပ်ကို ဖြတ်ကျော်လာသူ ခုနစ်ဦးကို တူရကီက အိုင်အက်စ်သံသယဖြင့် ထိန်းသိမ်း

**အင်ကာရာ ဒီဇင်ဘာ ၁**

တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆီးရီးယားမှ တူရကီတောင်ပိုင်း ဟာတေပြည်နယ်သို့ တရားမဝင် ဖြတ်ကျော် ရောက်ရှိလာသူ ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တူရကီ ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

စုံစမ်းစစ်ဆေးချက်များအရ ဖမ်းဆီးထိန်းသိမ်းထားသူ တစ်ဦးမှာ အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ကာကွယ်ရေးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

နောက်ထပ် သီးသန့်စစ်ဆင်မှုတစ်ခုတွင် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက နောက်ထပ်လူခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် ၎င်းတွင် အိုင်အက်စ်သံသယရှိသူ နှစ်ဦး ပါဝင်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်ကတည်းက တူရကီတွင် လူသေဆုံးသည်အထိ တိုက်ခိုက်မှုများ ဖြစ်ခဲ့မှုအပေါ် အိုင်အက်စ်အဖွဲ့ကို ပြစ်တင်ထားသည်။ **ဆင်ဟွာ**

# အိုမီခရွန် ဗိုင်းရပ်စ်သစ်ကို စိုးရိမ်သည့်အတွက် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်

**တိုကျို ဒီဇင်ဘာ ၁**

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်တစ်မျိုးဖြစ်သည့် အိုမီခရွန်ကြောင့် စိုးရိမ်မှုများ မြင့်တက်နေသည့် ဂျပန်နိုင်ငံတွင် လွန်ခဲ့သော ရှစ်လထက်မနည်းက ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးစီးသွားသူများ အနေဖြင့် ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးကို စတင်ထိုးနှံနေပြီဖြစ်သည်။

ဖိုက်ဇာနှင့် ဘီရွန်တက်ခ်တို့က ထုတ်လုပ်လိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများအား တတိယအကြိမ်ထိုးပေးမှုကို နိုင်ငံတစ်ဝန်းတွင် စတင်လျက်ရှိကြောင်း သိရသည်။

အသက်ကြီးပိုင်းများနှင့် တခြားသူများအနေဖြင့် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဇန်နဝါရီမှ စတင်ရရှိထိုးနှံနိုင်မည်ဖြစ်သည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ်အပေါ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်တားဆီးနိုင်မလားဆိုသည့်အပေါ် ကွဲကွဲပြားပြား မသိရသေးချေ။ **ဆင်ဟွာ**

# ဒီဇင်ဘာ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂၃ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၁၁ ဦးရှိ

**(၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၈၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၂၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၀၅,၇၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၂,၈၂၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၀၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၈,၀၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၁၁) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၀-၁၁-၂၀၂၁) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၁၆,၈၄၉,၁၇၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၁,၈၅၈,၅၉၈) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၉၉၀,၅၇၄) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၃၀-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၂၈,၇၀၇,၇၇၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၈၉) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၂) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၆) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၂၇) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၅) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၁၂၈) ခု | (၃၃၅) ဦး |
| **စုစုပေါင်း** | **(၂၁,၈၃၉) ဦး** | **(၄၂၃) ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၃၀-၁၁-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၉၉၀,၅၇၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၁,၈၅၈,၅၉၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၆,၈၄၉,၁၇၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၈,၇၀၇,၇၇၀) ကြိမ် |

- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက် ဖြစ်ပွားမှု မြင့်မားခဲ့သော မြို့နယ် (၁၁၉) မြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ်များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၁-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၄၂၈၉၁၃ | ၃၉၂၀၅၉၀၂ | ၈၀၃၀၄၅ |
| ၂။ | အိန္ဒိယ | ၃၄၅၉၆၇၇၆ | ၃၄၀၂၈၅၀၆ | ၄၆၉၂၄၇ |
| ၃။ | ဘရာဇီး | ၂၂၀၉၄၄၅၉ | ၂၁၃၂၁၆၃၁ | ၆၁၄၇၅၄ |
| ၄။ | ဗြိတိန် | ၁၀၂၂၈၇၇၂ | ၉၀၆၂၅၆၁ | ၁၄၄၉၆၉ |
| ၅။ | ရုရှား | ၉၆၆၉၇၁၈ | ၈၃၆၄၉၃၂ | ၂၇၆၄၁၉ |
| ၆။ | တူရကီ | ၈၇၉၅၅၈၈ | ၈၃၂၆၃၈၁ | ၇၆၈၄၂ |
| ၇။ | ပြင်သစ် | ၇၆၇၅၅၀၄ | ၇၁၂၄၉၀၉ | ၁၁၉၁၃၁ |
| ၈။ | အီရန် | ၆၁၂၁၇၅၇ | ၅၈၉၂၅၇၄ | ၁၂၉၉၀၂ |
| ၉။ | ဂျာမနီ | ၅၈၉၆၄၈၁ | ၄၉၃၇၆၀၀ | ၁၀၂၂၂ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၀၇၄၈ | ၅၁၉၃၆၉၁ | ၁၁၆၅၈၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၆၆၈၇ | ၄၁၀၄၉၆၄ | ၁၄၃၈၄၀ |
| ဖိလစ်ပိုင် | ၂၈၃၃၀၃၈ | ၂၇၆၈၉၉ | ၄၈၇၁၂ |
| မလေးရှား | ၂၆၃၂၇၈၂ | ၂၅၃၇၂၀၄ | ၃၀၄၂၅ |
| ထိုင်း | ၂၁၂၀၇၅၈ | ၂၀၂၅၇၇၄ | ၂၀၈၁၂ |
| ဗီယက်နမ် | ၁၂၅၂၅၉၀ | ၉၉၂၀၅၂ | ၂၅၄၄၈ |
| မြန်မာ | ၅၂၂၈၂၅ | ၄၉၈၀၅၀ | ၁၉၁၁၁ |
| စင်ကာပူ | ၂၆၄၇၂၅ | ၂၅၁၅၃၃ | ၇၁၈ |
| ကမ္ဘောဒီးယား | ၁၂၀၁၆၀ | ၁၁၆၅၂၉ | ၂၉၄၄ |
| လာအို | ၇၅၁၆၃ | ၆၃၁၃၂ | ၁၇၈ |
| ဘရူနိုင်း | ၁၅၁၁၁ | ၁၄၅၆၅ | ၉၇ |

# ၂၆-၁၁-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး**က ကြားကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည့် အကြမ်းဖက်လှုံ့ဆော်သူတစ်ဦးကို လူသားချင်းစာနာမှုအနေဖြင့် ပြန်လည်လွှတ်ပေးခဲ့ခြင်းရှိကြောင်း၊ NLD ၊ PDF အစွန်းရောက်အကြမ်းဖက်များ၏ နောက်ကွယ်တွင် အကြမ်းဖက်အားပေးလုပ်နေသည့် အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံတွင် လက်ခံထားသည့် NLD ၊ ၈၈ မှ အကြမ်းဖက်လှုံ့ဆော်သူအကြမ်းဖက်ခေါင်းဆောင်များကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းရန် ရှိ မရှိ၊ ဗိုလ်ချုပ်တို့ဘက်က တောင်းဆိုထားခြင်း ရှိမရှိ သိလိုပါကြောင်း မေးမြန်းသည်။

များ အပြစ်မရှိလျှင်၊ သတ်မှတ်ကာလပြည့်လျှင် အကုန်ပေးပါကြောင်း၊ တချို့နှစ်မပြည့်သေး၍ မရသေးခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က အာဆီယံ၏ဘက်လိုက်မှုအပေါ်တွင် ထိထိရောက်ရောက် ရဲရဲဝံ့ဝံ့ တုံ့ပြန်ခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ နိုင်ငံခြားရေးဝန်ကြီးအား Myanmar Nation မီဒီယာမှ လေးစားစွာဂုဏ်ပြုဦးညွှတ်ကြောင်း ဦးစွာပြောလိုပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေးအဓိကထားဆောင်ရွက်နေကြောင်း၊ တိုးတက်အောင် ဆောင်ရွက်နေကြောင်းကို ဗိုလ်ချုပ် ပြောကြားသွားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးနှင့်တကွ နိုင်ငံတော်ဖွံ့ဖြိုးရန် လျှပ်စစ်သည် အဓိကကျသည့် မီတာခနှုန်းထားများ ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မီတာခများ ကိုဗစ်- ၁၉ ရောဂါကာလတွင် ဖြေလျှော့ပေးထားတာရှိကြောင်း၊ တချို့မြေပြင်၌လည်း လက်တွေ့သိနေရတာရှိကြောင်း၊ မီတာခကောက်ခံရန် အခက်အခဲများရှိနေသလို၊ မီတာခဆောင်ရန် အခက်အခဲဖြစ်နေသူများလည်းရှိကြောင်း၊ တချို့မီတာခကို အွန်လိုင်းမှ မီတာဘေလ်ဆောင် နိုင်သည်ဟုပြောသော်လည်း လက်တွေ့တွင် လုပ်ဆောင်မရသည့် အခက်အခဲများကို တင်ပြသည်ကို သိရကြောင်း၊ တချို့ကိစ္စများ နိုင်ငံတော်အဆင့်အထိရောက်လာသည့် တိုင်ကြားမှုများရှိကြောင်း၊ ထိုသို့ ဖြစ်ပျက်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဆက်လက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း အသိပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကြီးကြပ်သူများကိုလည်း အမြန်ဆုံးအသိပေး စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Nation သတင်းဌာနမှ ဒေါ်ဆွေဇင်ဦး**က မကျွမ်းကျင်သော်လည်း စိုးရိမ်စိတ်ကြောင့် မေးမြန်းရခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအကြောင်းကို သတင်းထောက် ညီအစ်ကိုမောင်နှမများက များစွာမေးမြန်းသွားကြောင်း၊ မိမိပိုက်ဆံကို ဘဏ်၌အပ်ထားပြီး ပြန်ထုတ်သည့်အချိန်တွင် ရာခိုင်နှုန်းအနေဖြင့် ပြန်ပေးနေရကြောင်း၊ ထုတ်၍မလွယ်ကြောင်း၊ မိမိသည် မိမိ၏ချွေးနဲ့စာကို ရာခိုင်နှုန်းပေးပြီး ထုတ်မည့်လူမျိုးမဟုတ်ကြောင်း၊ ကျန်သူများ ထုတ်သည်ကိုလည်း အားမပေးကြောင်း၊ သို့သော် မိမိတို့ယုံကြည်စိတ်ချသည့် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကဘဏ်များကို မိမိတို့ယုံကြည်စိတ်ချလို့ရမည်လား၊ မိမိတို့ပိုက်ဆံများ မဆုံးရှုံးဘူးဆိုသည်ကို အိမ်စောင့်အစိုးရအနေဖြင့် အာမခံပေးနိုင်ပါသလားဟု မိမိသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စက မူဝါဒဆိုင်ရာ မေးခွန်းဖြစ်ကြောင်း၊ မဟာဗျူဟာမေးခွန်းဖြစ်၍ မိမိ အာမခံနိုင်ကြောင်း၊ နည်းဗျူဟာမေးခွန်းဖြစ်လျှင် နည်းဗျူဟာမေးခွန်းအရ အာမမခံနိုင်ကြောင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာမတူကြောင်း၊ မဟာဗျူဟာသည် ရည်မှန်းချက်တိကျခိုင်မြဲရကြောင်း၊ နည်းဗျူဟာသည် ပြောင်းလွယ်ပြင်လွယ်ရှိကြောင်း၊ နိုင်ငံတိုင်းဖြစ်နေကြောင်း၊ မိမိတို့နိုင်ငံသာဖြစ်နေခြင်းမဟုတ်ကြောင်း၊ ယင်းမေးခွန်းသည် မဟာဗျူဟာမေးခွန်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများသည် ဘဏ်ထဲတွင် ထည့်ထားသည့်ငွေနှင့်ပတ်သက်ပြီး မဟာဗျူဟာဖြစ်သည့်အတွက် မဆုံးရှုံးစေရပါဟု မိမိ ရဲရဲကြီး အာမခံနိုင်ကြောင်း၊ နည်းဗျူဟာပိုင်းဆိုင်ရာသည်အခက်အခဲရှိကြောင်း၊ ငွေထုတ်၊ ငွေသွင်းသည့်အခါ မည်ကဲ့သို့ထုတ်မည်လဲ၊ မည်သို့ဖြစ်မည်လဲ၊ သို့သော် သတင်းထောက်ကြီး သိန်း ၁၀၀၀ ထည့်ထားလျှင် ယနေ့နာရီပိုင်းအတွင်း ထုတ်လိုလျှင်မူ အာမမခံနိုင်သော်လည်း သတင်းထောက်ကြီး၏ငွေမဆုံးရှုံးရဟူ၍မူ အာမခံနိုင်ကြောင်း၊ ယင်းကို တစ်နာရီ၊ နှစ်ရီအတွင်း ထုတ်လိုလျှင်မူ နည်းဗျူဟာပိုင်းနှင့် ပတ်သက်သွားပြီဖြစ်ကြောင်း၊ မိမိက ယင်းနေရာမှာ အာမခံလို့မရကြောင်း၊ တချို့နေရာ၌ အခက်အခဲရှိတာ ဝန်ခံကြောင်း၊ ဘဏ်များကို ငွေထုတ်ပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကြောင်းအမျိုးမျိုးကြောင့် ကန့်သတ်ထားတာရှိကြောင်း၊ ငွေကြေးလည်ပတ်မှုနှုန်းများ၊ ငွေရေးကြေးရေး ထိုးနှက်တိုက်ခိုက်မှုများအရ မိမိတို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမြန်ဆုံးပြေလည်အောင် ဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Nation သတင်းဌာနမှ ဒေါ်ဆွေဇင်ဦး**က လက်ရှိအစိုးရကို မိမိယုံကြည်သည့်အတွက် အချိန်ကြာမြင့်ချိန်ကို မိမိနှင့်အတူယုံကြည်သူများအားလုံးက သည်းခံစောင့်နိုင်ကြောင်း၊ နာရီပိုင်းအတွင်း ထုတ်ပေးရမည်၊ ရက်ပိုင်းအတွင်း ထုတ်ပေးရမည်ဟူ၍ မဟုတ်ကြောင်း၊ မိမိတို့ငွေများ မဆုံးရှုံးလျှင်ကို မိမိတို့ ပြည်သူပြည်သားများအနေဖြင့် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

**ဒေါ်သဇင်ဦး**က ပြည်သူအများစု စာရိတ္တမဏ္ဍိုင် ပျက်စီးယိုယွင်းလာမှုနှင့် ပတ်သက်၍ ပြောပြလိုကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလကစတင်ပြီး စာရိတ္တမဏ္ဍိုင်ပျက်စီးလာခြင်းကို တွေ့ရကြောင်း၊ ယခုလက်ရှိအခြေအနေမှာ အဆိုးရွားဆုံးဖြစ်ကြောင်း၊ အဘယ့်ကြောင့် ယခုကဲ့သို့ပြောရသည်ဆိုလျှင် ယခုဗိုလ်ချုပ်တို့ ပြသသွားသည့်အထဲတွင် မိမိကို စာသင်ပေးသည့်ဆရာမကိုပင် ပြန်သတ်ရန် လုပ်ကြံစီစဉ်သည်ဟုဆိုသည့် တပည့်မျိုး တွေ့နေရကြောင်း၊ ဝမ်းတွင်းတွင် ဆရာတော်တစ်ပါး ဆွမ်းဘုဉ်းပေးနေစဉ် ကျောင်းဝင်းထဲအထိဝင်ပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်ကိုလည်း ရင်နင့်ဖွယ်ရာ၊ စိတ်မကောင်းဖွယ်ရာ မိမိတို့ကြားသိရကြောင်း၊ ယခုဆိုလျှင် သံဃာတော် ၁၂ ပါးအထိ လုပ်ကြံသတ်ဖြတ်ခံရသည်ကို ကြားသိရကြောင်း၊ ယခုကဲ့သို့ ပျက်စီးနေသည့် ယဉ်ကျေးမှုစရိုက်များကို သွန်သင်ဆုံးမရမည့်အစား ဓမ္မဟုထင်မြင်ပြီး ဘေးမှအားပေးအားမြှောက်လုပ်နေသူများ ရှိနေကြောင်း၊

စာမျက်နှာ ၁၇ သို့

ကြည့်မြင်တိုင်မြို့နယ်




၂၁-၁၀-၂၀၂၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၌YBS(20)ယာဉ် ဗုံးဖောက်ခွဲခံရမှု

လမ်းမတော်မြို့နယ်



၁၀-၁၁-၂၀၂၁ ရက်တွင် လမ်းမတော်မြို့နယ်၊ မော်တင်ယာယီဈေးရပ်ကွက်၊ ကျောက်လမ်းမပေါ်၌ ယာဉ်တစ်စီး ဗုံးဖောက်ခွဲခံရမှု

မရမ်းကုန်းမြို့နယ်




၁၁-၇-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်(၂)ရပ်ကွက်ရှိ "လှသီတာ"ရွှေဆိုင်အား ဓားပြတိုက်ခံရမှု

တောင်ဥက္ကလာပမြို့နယ်




၁၅-၇-၂၀၂၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်ရှိ ကမ္ဘာ့ရတနာဘဏ်(နန္ဒဝန်ဈေးဘဏ်ခွဲ) ဓားပြတိုက်ခံရမှု

**CRPH/NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ မောင်ကျော်(ခ)ဖြိုးဇေယျာသော်မှ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထုတ်ပေး၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုနှင့် ဓားပြတိုက်ခဲ့မှုများ။**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံတကာရဲတပ်ဖွဲ့(INTERPOL)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အဖွဲ့အစည်းများရှိကြောင်း၊ ကုလသမဂ္ဂတွင်လည်းရှိကြောင်း၊ အာဆီယံတွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့များရှိကြောင်း၊ အားလုံးအကြောင်းကြားထားကြောင်း၊ ဆောင်ရွက်ခြင်း၊ မဆောင်ရွက်ခြင်းသည် ၎င်းတို့၏ဥပဒေနှင့်အညီ နိုင်ငံကြီးသား၊ နိုင်ငံကြီး ပီသမှု ရှိ မရှိသည် ၎င်းတို့၏ လုပ်ဆောင်မှုတွင်သာ မူတည်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး**က ပညာရေးဝန်ထမ်းများထဲတွင် အကြမ်းဖက်လှုံ့ဆော်သူများနောက်ပါပြီး CDM လုပ်သူများလည်းရှိကြောင်း၊ CDM မလုပ်ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများရှိကြောင်း၊ ဆရာ ဆရာမများ၏ ရာထူးတိုးကိစ္စများ ပညာရေးဝန်ကြီးဌာနတွင် အစီအစဉ်ရှိပါကြောင်း၊ ရာထူးတိုး အစီအစဉ်တွင် ကြန့်ကြာနေသည်ဟု ဆရာ ဆရာမများထံမှ ကြားသိရပါကြောင်း၊ မည်သို့အစီအစဉ်ရှိသည်ကို ပညာရေးဝန်ကြီးဌာနက ဖြေ၍ရလျှင်ဖြေပေးစေလိုပါကြောင်း မေးမြန်းသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ရာထူးတိုးများ စီစဉ်နေကြောင်း၊ ရာထူးတိုးကြန့်ကြာခြင်းမှာ သတ်မှတ်နှစ် မပြည့်သေး၍သာဖြစ်ကြောင်း၊ ပြည့်လျှင် လျာထားပါကြောင်း၊ Non-CDM နေရာတွင် ပါဝင်ပါကြောင်း၊ ယခင်အစိုးရလက်ထက်နှင့် ယခုတပ်မတော်အာဏာထိန်းခဲ့သည့် ၁၀ လအတွင်း ပြည်သူကို စိတ်ဒုက္ခအပေးနိုင်ဆုံးဌာနကို ပြပါဆိုလျှင် လျှပ်စစ်ဝန်ကြီးဌာနကို ပြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် တိုင်းသူပြည်သားများ၏ ဝင်ငွေကိုချိန်ဆခြင်းမရှိဘဲ လျှပ်စစ်မီတာခ သုံးဆတိုးမြှင့်ကောက်ခံခဲ့ကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ၁၀ လပိုင်း၌ မိမိတို့မီတာခများက သုံးစွဲသည်ထက်ပိုပြီး ကောက်ခံခြင်းကိုခံနေရကြောင်း၊ မီတာခဆောင်ရာတွင် အဆင်မပြေမှုများရှိကြောင်း၊ ထိုထက်ဆိုးသည်က လူမနေသည့်၊ အိမ်ရှစ်လတိတိ ပိတ်ထားခဲ့ရသည့်၊ အိမ်ကိုစွန့်ခွာပြီး ပြေးလာခဲ့ရသည့် လူတစ်ယောက်၏ မီတာဘေလ်ကသိန်းကျော်ကျနေကြောင်း၊ ယင်းမှာ မိမိအိမ်ဖြစ်ကြောင်း၊ မိမိအိမ်ကို လုံးလုံးပိတ်ထားတာဖြစ်ပြီး သော့ခတ်ထားကြောင်း၊ ယခု မီးဖြတ်သွားပြီဟုကြားရကြောင်း၊ မီတာဘေလ်သွားဆောင်နိုင်ခြင်းလည်းမရှိကြောင်း၊ ယင်းအခြင်းအရာများက မည်သို့ဖြစ်နေပါသနည်း၊ အိမ်စောင့်အစိုးရအနေဖြင့် လျှပ်စစ်ဝန်ကြီးဌာနကို မည်ကဲ့သို့အကြံပေးပြီး မည်သို့လုပ်ဆောင်ပေးနိုင်မည်ကို သိလိုပါကြောင်း၊ မီတာခများနှင့် ပတ်သက်၍ လျှပ်စစ်ဝန်ကြီးဌာနမှ ရှုံးသည်ကို မိမိသိရှိပါကြောင်း၊ သို့သော် နိုင်ငံတော်အနေဖြင့် ဝန်ကြီးဌာနတစ်ခုတည်း အရှုံးအမြတ် ကို တစ်နိုင်ငံလုံးအနေဖြင့် သတ်မှတ်၍မရကြောင်း၊ အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်သူများ၏ ဝင်ငွေဖြင့် ချင့်ချိန်ပြီး

*စာမျက်နှာ ၁၆ မှ*

ယင်းသို့ ပျက်စီးယိုယွင်းနေသည့် စာရိတ္တမဏ္ဍိုင် ယဉ်ကျေးမှု ဓလေ့စရိုက်များကို နိုင်ငံတော်အနေဖြင့် ယဉ်ကျေးသည့် ဗုဒ္ဓဘာသာနိုင်ငံအဖြစ် အစဉ်မျှော်တွေးပြီး မည်သို့ပြန်လည်ဆောင်ရွက်ရန်ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူငယ်ရေးရာကဏ္ဍကို ယခင်ကလည်း ဖြေကြားပြီးဖြစ်ကြောင်း၊ လုပ်ဆောင်ကြသည့်နေရာတွင် စာရိတ္တမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအဆက်ဆက်တွင် တာဝန်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် လူငယ်များနှင့်ပတ်သက်၍ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသည်ဟု အကြမ်းဖျင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ တွင် နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဟုပါရှိပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်အခါ အဓိကအားဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ထို့အပြင် လူငယ်များ အပါအဝင် ပြည်သူအများအတွက် ပညာပေးရန်၊ ပြန်ကြားပေးရန် တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာနကဲ့သို့သောဌာနများက ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုမေးခွန်းသည် ကောင်းမွန်သည့်မေးခွန်းဖြစ်ပါကြောင်း၊ အများအားဖြင့် နိုင်ငံတကာ၌ State building ကို အဓိကထားမေးခြင်းဖြစ် ကြောင်း၊ အမှန်က Nation building အမျိုးသားရေးဆိုင်ရာ တည်ဆောက်မှု၊ တိုင်းပြည်တည်ဆောက်မှု Nation building ကို အားနည်းသည်ကိုတွေ့ရကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း State building ကို အဓိကထားပြီး လုပ်ကြကြောင်း၊ Nation building သည် လုပ်ကိုင်မှု၊ လုပ်ဆောင်မှု၊ ဘက်မျှမှုပျက်ကွက်ခဲ့သည့်အတွက် အားနည်းခဲ့သည့်အတွက် ယခုကဲ့သို့ဖြစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းထားသော အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသည် အားကစားအတွက်သာမဟုတ်ဘဲ လူငယ်ရေးရာနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်စေရန်အတွက် လူငယ်များကို အားကစားနှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျပြန်လည်ပြုစုပျိုးထောင်ရန်၊ လူငယ်များ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြီး နိုင်ငံနှင့် လူမျိုးအပေါ်ချစ်မြတ်နိုးလိုစိတ်များ တိုးပွားလာပြီး နိုင်ငံကာကွယ်လိုစိတ် ပေါ်ထွန်းလာစေရန်၊ လူငယ်များ၏ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုရေး စသည့်ကဏ္ဍများကို ပိုမိုဖြည့်ဆည်း မြှင့်တင်နိုင်ရေးဆောင်ရွက်ရန်၊ မသန်စွမ်းသူများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မသန်စွမ်းသူများ၏ ဘဝမြှင့်တင်နိုင်ရေးကိစ္စများ ဆောင်ရွက်နိုင်စေရန် အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်း၊ အစိုးရမှာသာ တာဝန်ရှိခြင်းမဟုတ်ကြောင်း၊ ယင်းလူငယ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်သည့်နေရာတွင် အဖွဲ့အစည်းအမျိုးမျိုးတွင် တာဝန်ရှိပါကြောင်း၊ တာဝန်ရှိသည်ဆိုရာ၌ အဖွဲ့အစည်းအမျိုးမျိုးတွင် တာဝန်ရှိသည်ဟု ခံယူရမည်ဖြစ်ကြောင်း၊ NGO၊ INGO အဖွဲ့များတွင်လည်း လူငယ်များနှင့်ပတ်သက်၍ လုပ်ဆောင်ပေးနေသည့်အဖွဲ့အစည်းများလည်းရှိကြောင်း၊ လက်တွေ့လုပ်ဆောင်ပေးနေသည့် အဖွဲ့အစည်းများလည်းရှိကြောင်း၊ ဥပမာ ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့များက လုပ်ပေးနေတာရှိသကဲ့သို့ လူမှုရေးနှင့် ပတ်သက်သောအဖွဲ့များက လုပ်ပေးနေမှုလည်းရှိကြောင်း၊ ယင်းသို့လုပ်ဆောင်ရာတွင် မိမိတို့သည် စုစည်းမှုအား လိုအပ်ကြောင်း၊ စုစည်းမှုအားနှင့် လူငယ်များကို အချိန်တိုအတွင်း ခေတ်နှင့်အညီ လူငယ်များ၏ ဦးတည်ချက်များကို မည်သို့ပြောင်းသွားအောင်၊ မည်မျှအထိရွှေ့နိုင်အောင် အားလုံးက ဝိုင်းပြီးရွှေ့အောင် ဆောင်ရွက်နိုင်မည်ဟု ပြောလိုပါကြောင်း၊ နိုင်ငံများ၌ ယခုကဲ့သို့သော ကိစ္စများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ အခက်အခဲများကို နိုင်ငံတကာ၌လည်း မေးကြည့်သည့်အခါ လူငယ်များသည် ယခင်နှင့်မတူကြကြောင်း၊ လူငယ်များသည် မည်သို့ဖြစ်နေကြပြီဆိုသည့် အကဲဖြတ်ချက်မျိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့ တစ်နိုင်ငံတည်းပင်ဖြစ်ပေါ်နေသည့်ကိစ္စမဟုတ်ဟု ပြောလိုပါကြောင်း၊ လူကြီးများအနေဖြင့် လူငယ်များကို ကြည့်သည့်အခါတွင် လိုအပ်သည်ဆိုတဲ့အမြင်မျိုးများ ရှိကောင်းရှိနေနိုင်ကြောင်း၊ သို့သော် လက်တွေ့ဖြစ်ပေါ်နေသည့် အခြေအနေနှင့် လူငယ်များကို မိမိတို့က မည်သည့်ဦးတည်ချက်ကို ပြောင်းပေးနိုင်မလဲ ဆိုသည့်အချက်က ပိုပြီးအဓိကကျမည်ဖြစ်ကြောင်း၊ အားလုံးက ဝိုင်းပြီး ရွှေ့အောင်လုပ်ခြင်းသည် အဓိကကျမည်ဟု မိမိအနေဖြင့် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး ဒေါ်သဇင်ဦးက မြို့နယ်တချို့၌ CDM မလုပ်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများရှိကြောင်း၊ ယင်းဝန်ထမ်းကောင်းများကို PDF ဆိုသည့် အကြမ်းဖက်အဖွဲ့က လုပ်ကြံရန် စာများထုတ်ပြီး သတ်ဖြတ်ရန် ခြိမ်းခြောက်နေသည်များရှိကြောင်း၊ ယင်းသို့ ခံစားနေရသည့် ပြည်သူများအတွက် ဗိုလ်ချုပ်အနေဖြင့် မည်ကဲ့သို့ အားပေးစကားပြောနိုင်မလဲ၊ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တချို့ဝန်ထမ်းများနှင့် CDM မလုပ်သည့် ဝန်ထမ်းများကို ၎င်းတို့၏ ဆန္ဒအတိုင်း မဖြစ်သည့်လူများကို ခြိမ်းခြောက်စာပို့ခြင်း၊ Online ပေါ်မှ ခြိမ်းခြောက်ခြင်းတို့ကို အမြဲလုပ်နေကြကြောင်း၊ ယင်းသို့ကြုံတွေ့လာသည့်အခါ သတင်းပေးရမည့်နေရာ၊ တိုင်ကြားရမည့်နေရာများကို မိမိတို့ပြောပြီးဖြစ်ကြောင်း၊ တချို့လည်း သတင်းပေးသည်ကို ဘာမှ လုပ်မပေးဟု သိရကြောင်း၊ ထိုသို့ လုပ်မပေးပါက အဆင့်ဆင့်သတင်းပေးပါဟု မိမိပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ဖမ်းဆီးခံသတင်းသမားများနှင့် ဖေဖော်ဝါရီ ၁ ရက် ဖြစ်စဉ်အရှေ့တွင်ရှိခဲ့သည့် အကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုလိုပါကြောင်း၊ နောက်တစ်ခုအနေဖြင့် ပြင်ဦးလွင်-မန္တလေးအဆင်း၊မန္တလေး-အောင်ပင်လယ် တိုးဂိတ်နားရှိ သံပတောကျေးရွာ၌ ပြီးခဲ့သည့် စက်တင်ဘာလ ပထမအပတ်တွင် ကျူးကျော်များကို ရှင်းလင်းခြင်းများရှိကြောင်း၊ ကျူးကျော်မဟုတ်သည့် အထောက်အထားရှိသော မူလပိုင်ရှင်များလည်း ပါသွားကြောင်း၊ မန္တလေးမြို့တော်စည်ပင်မှ အခွန်ဌာနမှူးများဦးစီးပြီး ရှင်းလင်းလိုက်ခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း ထိုကိစ္စကို သတင်းသွားယူခဲ့ကြောင်း၊ ယင်းကိစ္စမှာ မည်သည့်အကြောင်းပြချက်မျှ မရှိဘဲ အာဏာသုံးပြီးလုပ်သည့်ပုံစံမျိုးဖြစ်သွားပါကြောင်း၊ လုံခြုံရေးရဲများနှင့် မိမိတို့အချေအတင်ဖြစ်ခဲ့ပါကြောင်း၊ ပိုင်ရှင်များအနေဖြင့် ယင်းကိစ္စကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တိုင်ကြားမည်ဟု ပြောခြင်းရှိကြောင်း၊ ၎င်းကိုတင်ပြပေးပါဟု ပြောခြင်းကြောင့် တင်ပြပေးခြင်းဖြစ်ကြောင်း၊ ခြိမ်းခြောက်ခံရသည်ဆိုသည့်ကိစ္စကို မေးမြန်းလိုကြောင်း၊ အနီးစပ်ဆုံး ယမန်နေ့ကဖြစ်ပွားခဲ့သည့် ရန်ကုန်မြို့ မြန်မာပလာဇာတွင် ဖြစ်ပွားခဲ့သည့် လုံခြုံရေးဝန်ထမ်းများ၏ ဖမ်းဆီးမှုခံရပြီးနောက်ပိုင်း ယနေ့တွင် ယင်းလုံခြုံရေး ဝန်ထမ်းခေါင်းဆောင်အမည်၊ နေရာနှင့် သွားလာလှုပ်ရှားမှုများ လိုင်းပေါ်ပျံ့နှံ့လာသည်ကို တွေ့ရပြီး ခြိမ်းခြောက်ခံရကြောင်း၊ အလားတူ စာသင်ကျောင်းများ၊ ကျောင်းသားများကိုလည်း ခြိမ်းခြောက်နေခြင်းများရှိနေကြောင်း၊ လက်ရှိမြန်မာနိုင်ငံ ခြိမ်းခြောက်ခံရမှုမှာ ကြောက်ခမန်းလိလိ ဖြစ်နေပါကြောင်း၊ ယင်းသို့ ခြိမ်းခြောက်ခံနေရမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်ပိုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းအနေနှင့် ပြည်သူများ စိတ်ချမ်းသာအောင်၊ လုံခြုံမှုရရှိလာအောင် မည်သို့ ဖြေကြားပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာပလာဇာတွင် ဆန္ဒပြမှုကို တွေ့ရပါကြောင်း၊ ယင်းမှာ ပိုင်နက်ကျူးလွန်မှုဖြစ်ကြောင်း၊ အများနှင့် သက်ဆိုင်သည့်နေရာတွင် ဆောင်ရွက်ခြင်းလည်းဖြစ်၍ အကြံအစည်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ခြိမ်းခြောက်ခံနေရသည်ကိုလည်း သိရကြောင်း၊ မိမိတို့အနေဖြင့် ခြိမ်းခြောက်ခံရမှုနှင့် ပတ်သက်၍ လုံခြုံမှုပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ ခြိမ်းခြောက်နေသည်မှာ လူနှစ်ယောက်တစ်ပိုင်းနှင့် ခြိမ်းခြောက်နေခြင်းလည်းရှိပြီး တကယ်လုပ်ရန်အတွက် ခြိမ်းခြောက်နေခြင်းလည်း ရှိကြောင်း၊ လူတစ်ဦးကို တစ်ဦးချင်း လုံခြုံမှုမပေးနိုင်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထုအများစုအတွက် လုံခြုံရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် ပြောလိုပါကြောင်း၊ လုံခြုံရေးအမြင်၊ လုံခြုံရေးအသိနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့သာမဟုတ်ဘဲ သာမန်ပြည်သူလူထုများကလည်း သိသင့်ပါကြောင်း၊ သာမန်ပြည်သူလူထုအနေဖြင့် သိသင့်သည်များမှာ မသင်္ကာဖွယ်ရာ လူများ၏ အနေအထားက မည်ကဲ့သို့ရှိကြောင်း၊ မည်သည့်အချိန်တွင် မည်သည့်နေရာကို မသွားသင့်ဘူးဆိုသည့် သာမန်လုံခြုံရေးအသိများကို အားလုံးက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆောင်ရွက်ရာတွင် ပေါ်ပေါ်ထင်ထင် မြင်ရသည့်နေရာများ၌ ယူနီဖောင်းနှင့်ရပ်ပြီး စောင့်ပေးနေတာ မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်သည့် လုံခြုံရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်ကို ပြောလိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုကြောင့် ရန်ကုန်မြို့၌ ရှိနေသည့်အဖွဲ့အစည်းကြီးများ၊ လက်နက်များကို မိခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးနေကြောင်း၊ တတ်နိုင်သည်ထက်ပိုပြီး လုံခြုံမှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ပြည်သူလူထု ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန် ပြည်သူများ အခက်အခဲဖြစ်နေချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငွေကြေးအရသော်လည်းကောင်း၊ စားသောက်ကုန်ပစ္စည်းအရသော်လည်းကောင်း၊ ထောက်ပံ့ပေးနိုင်မည့်အစီအစဉ်များ၊ ကုန်ဈေးနှုန်းကျဆင်းအောင် ထိထိရောက်ရောက် ဆောင်ရွက်မည့်အစီအစဉ်များ လုပ်ပေးရန် ရှိ မရှိ သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လက်ရှိတွင် အရင်းအမြစ်များကို ပံ့ပိုးပေးရန် အစီအစဉ်များရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ပထမရည်မှန်းချက်သည် သာယာဝပြောရေးနှင့်စားရေရိက္ခာ ဖူလုံရေးအတွက်ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ဖြစ်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် ကုန်ထုတ်လုပ်သည့်သူများအဆင်ပြေအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အခက်အခဲများအတွက် ကိုဗစ်ချေးငွေများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သမဝါယမဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလောလောဆယ် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်နိုင်သည့် အခြေခံကျသော အရင်းအမြစ်များကို ကူညီပံ့ပိုးခြင်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်များ ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ပြည်သူများ ပူးပေါင်း ပါဝင်မှုပိုမိုအားကောင်းလာလျှင် လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများ ပျောက်ကွယ်သွားမည်ဟု ယုံကြည်ပါသလားဟု မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြည်သူများ ပူးပေါင်းပါဝင်မှု နှစ်မျိုးရှိကြောင်း၊ ပထမအချက်အနေဖြင့် လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ပူးပေါင်းပါဝင်ခြင်း၊ ပူးပေါင်းပါဝင်ကူညီသည့်အခါတွင် အကြမ်းဖက်မှုများ ယခုထက် ရာနှုန်းပြည့်နီးပါး လျော့သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး PDF များမည်မျှသေကြောင်း၊ EAOs များ မည်မျှသေကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောစရာအကြောင်းမရှိကြောင်း၊

*စာမျက်နှာ ၁၈ သို့*

- **မြန်မာပလာဇာတွင် ဆန္ဒပြမှုကိုတွေ့ရ၊ ယင်းမှာ ပိုင်နက်ကျူးလွန်မှုဖြစ်၊ အများနှင့် သက်ဆိုင်သည့်နေရာတွင် ဆောင်ရွက်ခြင်းလည်းဖြစ်၍ အကြံအစည်ဖြင့် ပြုလုပ်ခြင်းဖြစ်၊ ခြိမ်းခြောက်ခံနေရသည်ကိုလည်းသိရ၊ မိမိတို့အနေဖြင့် ခြိမ်းခြောက်ခံရမှုနှင့် ပတ်သက်၍ လုံခြုံမှုပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိ၊**
- **ယင်းသို့ ခြိမ်းခြောက်နေသည်မှာ လူနှစ်ယောက်တစ်ပိုင်းနှင့် ခြိမ်းခြောက်နေခြင်းလည်းရှိပြီး တကယ်လုပ်ရန်အတွက် ခြိမ်းခြောက်နေခြင်းလည်းရှိ၊ လူတစ်ဦးကို တစ်ဦးချင်း လုံခြုံမှုမပေးနိုင်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထုအများစုအတွက် လုံခြုံရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးနေ၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးရန်ပြောလို**

# သဘာဝလင်းနို့ဂူနှင့် လင်းနို့များကို ထိန်းသိမ်းရေးအတွက် မေတ္တာရပ်ခံ ဆိုင်းဘုတ်စိုက်ထူ

**အင်းတော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပိန္နဲပင်ကျေးရွာမှ ကျောက်မဲတောင် သဘာဝလင်းနို့ဂူကို ထိန်းသိမ်းရန်နှင့် လင်းနို့များ ဖျက်ဆီးခြင်း၊ ဖမ်းယူသတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်း မပြုလုပ်ကြပါရန် မေတ္တာရပ်ခံ ဆိုင်းဘုတ်ကို တံခွန်တိုင်ဆရာတော် ဦးတိလောကဦးစီး၍ နိုဝင်ဘာ ၂၈ ရက်က စိုက်ထူခဲ့သည်။ ဂေဟစနစ်ကို အထောက်အကူပြုသည့် လင်းနို့များကို ဝိုင်းဝန်းထိန်းသိမ်းရေးအတွက် ဆိုင်းဘုတ်စိုက်ထူခြင်းဖြစ်သည်။

လင်းနို့ဂူဝန်းကျင်တွင် သဘာဝတောအတွင်းရှိ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများရှိရာ နို့တိုက်သတ္တဝါများဖြစ်သော လင်းနို့၊ ချေးဆတ်၊ တောဝက်၊ ရှူးပျံ၊ မျောက်စပ်၊ ရှဉ့်မြီးနီ၊ ရှဉ့်ငပေါ၊ ရှဉ့်မွဲ၊ လင်းဝက်၊ တောကြောင်များ၊ တွားသွားသတ္တဝါဖြစ်သော စပါးကြီးမြွေ၊ စပါးအုံးမြွေ၊ မြွေဟောက်၊ ငန်းဖောင်းမြွေများ၊ မြွေစိမ်းနှင့် အခြားမြွေမျိုးစိတ်များ၊ လိပ်ပုတ်၊ ကုန်းလိပ်၊ စင်းချောလိပ်၊ ဖွတ်၊ ပဒတ်များ၊ ငှက်မျိုးများဖြစ်သော အောက်ချင်း၊ အောင်လောင်၊ သစ်တောက်ငှက်၊ လင်းယုန်၊ ဘုတ်၊ ဝါးယောင်းငှက်၊ သိမ်းငှက်၊ သပိတ်လွယ်ငှက်၊ တောကြက်များ နေထိုင်ကျက်စားကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ တောသရက်၊ ထောက်ကြံ့၊ ယမနေ၊ သပြေနှင့် အခြားသစ်ပင်မျိုးစုံ၊ တင်းဝါး၊ သိုက်ဝါး၊ ကြသောင်းဝါးပင်များ ပေါက်ရောက်ကြောင်း သိရသည်။

လင်းနို့များ အစာရှာချိန်တွင် အုပ်စုဖွဲ့ ပျံသန်းထွက်ခွာမှုများကို တွေ့မြင်နိုင်သည်။ "လင်းနို့အကောင်ရေ အတိအကျမပြောနိုင်ဘူး။ အကောင်ရေတော့ ထောင်ချီလောက်ရှိမယ်။ သဘာဝတောတောင်အလှနဲ့ လင်းနို့တွေကို လာရောက်ကြည့်နိုင်ပါတယ်"ဟု တံခွန်တိုင်ဆရာတော်က မိန့်ကြားသည်။

အဆိုပါ လင်းနို့ဂူနှင့် လင်းနို့များကို လာရောက်ကြည့်ရှုလိုသူများ သွားလာမှု အဆင်ပြေစေရန်အတွက် တောင်တက်လမ်းများကို ဆိုင်ကယ်ဖြင့် တက်ရောက်နိုင်အောင် လူအားနှင့် စက်ယန္တရားများသုံး၍ ဖောက်လုပ်ရန်လည်း တံခွန်တိုင်ဆရာတော် ဦးတိလောက၊ ပိန္နဲပင်ကျေးရွာဆရာတော် ဦးဇဝနနှင့် ဒေသခံများက ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**




---

*စာမျက်နှာ ၁၇ မှ*

သေဆုံးလျှင်လည်း မိမိနိုင်ငံသားသေဆုံးခြင်းသာဖြစ်ပြီး ၎င်း PDF၊ EAOs များသည်လည်း မြန်မာနိုင်ငံသားပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံသားအချင်းချင်းဖြစ်သည့်အတွက် ဂုဏ်ယူစရာမရှိကြောင်း၊ ဒုတိယအချက်အနေဖြင့် အကြမ်းဖက်များ မည်သည့်အချိန် လျော့သွားမည်လဲဟုဆိုရာတွင် ပြည်သူများအားလုံးပါဝင်လျှင် အကြမ်းဖက်မှု လျော့သွားမည်ဖြစ်ကြောင်း၊ ရာနှုန်းပြည့်သည့်နိုင်ငံမရှိကြောင်း၊ ပြည်သူအားလုံး၏ စိတ်ထဲတွင် ယင်းအကြမ်းဖက်လုပ်ရပ်များသည် မိမိတို့နိုင်ငံ၏တိုးတက်ရေး၊ အမျိုးသားတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်သည်၊ မိမိတို့၏ တိုးတက်ရေးကို အနှောင့်အယှက်ဖြစ်သည်ဆိုသည့် စိတ်မျိုးဝင်သွားနိုင်မှသာ ရာနှုန်းပြည့် ငြိမ်းချမ်းမည်ဖြစ်ကြောင်း၊ ရာနှုန်းပြည့် ငြိမ်းချမ်းရန်လည်း လိုအပ်ကြောင်း၊ ယင်းကိစ္စများလုပ်ဆောင်နိုင်ရန်အတွက် အစိုးရအဆက်ဆက်နှင့် တာဝန်ရှိသူအဆက်ဆက်ကလည်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က NUG မဟုတ်သည့် GZ၊ PDF တို့အနေဖြင့် တွေ့ဆုံညှိနှိုင်းမှု တောင်းဆိုလာခဲ့မည်ဆိုပါက မည်ကဲ့သို့လုပ်ဆောင်မည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မတရားအသင်းအဖြစ်၊ အကြမ်းဖက်အဖြစ် ကြေညာထားရသူများနှင့် တွေ့ဆုံဆွေးနွေးစရာအကြောင်းမရှိကြောင်း၊ အကြမ်းဖက်အဖြစ် ကြေညာခြင်းမှ လျော့ကျသွားအောင် ၎င်းတို့လုပ်ဆောင်မှုနှင့် ပြသရမည်ဖြစ်ကြောင်း၊ သို့မှသာ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမှ အကြမ်းဖက်အဖြစ် ကြေညာထားသည့်အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း၊ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းဆိုသည်မှာ EAO ကဲ့သို့ သမိုင်းကြောင်းအစဉ်အလာနှင့် ဖြစ်လာသည့် လက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖြစ်နိုင်ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေအပေါ် အခွင့်ကောင်းယူပြီး နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးနေသည့်သူများနှင့် တွေ့ဆုံဆွေးနွေးစရာ အကြောင်းမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က သတင်းထောက်များကို ဖမ်းဆီးမှုများရှိကြောင်း၊ မုံရွာဂေဇက်သတင်းဌာနမှ ပြည့်ဖြိုးအောင်ဆိုလျှင် လုပ်ငန်းမလုပ်တော့ဘဲ တောင်ယာစိုက်နေချိန်တွင် စိစစ်မှုမရှိဘဲ ဖမ်းဆီးသွားခြင်းခံရကြောင်း၊ တရားစွဲဆိုခံထားရကြောင်း၊ ယင်းအဖြစ်အပျက်မှာ ခြုံငုံပြီးပြောပြခြင်း ဖြစ်ကြောင်း၊ သတင်းထောက်များဖမ်းဆီးခြင်းကိစ္စကို ပြန်လည်စိစစ်ပြီး လွှတ်ပေးရန် ရှိ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်မှမဟုတ်၊ မည်သူမဆို နံပါတ်(တစ်)အကြမ်းဖက်ဆန္ဒပြရာတွင် ဦးဆောင်ခဲ့သူမဟုတ်ခြင်း၊ နံပါတ်(နှစ်) အကြမ်းဖက် ဆန္ဒပြမှုတွင် ရာဇဝတ်မှုကျူးလွန်ခဲ့သူမဟုတ်ခြင်း စသည့် အချက်နှစ်ချက်ပေါ်တွင် အခြေခံပြီး လွှတ်ပေးလျက်ရှိကြောင်း၊ လွှတ်ပေးသူပေါင်း ထောင်ချီရှိပါကြောင်း၊ သုံးကြိမ်ခန့် လွှတ်ပေးခဲ့ပါကြောင်း၊ သတင်းထောက်များဟု နာမည်တပ်နေသည့်သူများရှိကြောင်း၊ သတင်းထောက်လုပ်သည့်အမှုဖြင့် တရားစွဲခံထားရသူ တစ်ဦးမျှမရှိကြောင်း၊ ဆူပူဆန္ဒပြသည့်နေရာတွင် ဦးဆောင်လှုံ့ဆော်ခဲ့သူကို အရေးယူခြင်းဖြစ်ကြောင်း၊ ပုဒ်မ ၅၀၅ ဖြင့် အရေးယူခံရသည်များရှိကြောင်း၊ ယေဘုယျအားဖြင့် ယင်းပြစ်မှုများနှင့် မငြိစွန်းလျှင် စိစစ်ပြီး ပြန်လည်စေလွှတ်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ပြစ်မှုချိုးဖောက်၍ အရေးယူထားသည့်ထဲတွင် သတင်းထောက်ဆိုပြီး အရေးယူထားခြင်း မရှိပါကြောင်း၊ ပြစ်မှုကျူးလွန်သဖြင့် အရေးယူထားသည့် အထဲတွင် သတင်းမီဒီယာသမားအချို့ ပါရှိကြောင်း၊ ပြစ်မှုလွန်ကျူးလွန်သူများနှင့် ပတ်သက်၍ ဖြေလျှော့သည့်နေရာတွင် သက်ဆိုင်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာနကတစ်ဆင့် စိစစ်ဆောင်ရွက်ပြီး လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့ကျူးလွန်ထားသည့် ပြစ်မှု အတိုင်းအတာ၊ အတိမ်အနက်ကို အောက်ခြေမှစ၍ အဆင့်ဆင့် စိစစ်ပြီး ဖြေလျှော့သင့် ဖြေလျှော့ထိုက်သူများကို ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မုံရွာ၌ ဖမ်းဆီးခံထားရကြောင်း၊ မိမိတို့ VOM သတင်းဌာနမှ သတင်းထောက်ဖြစ်ပြီး ထိုကိစ္စကိုစိစစ်၍ မည်သို့လုပ်ဆောင်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စကို စိစစ်ပေးမည်ဖြစ်ကြောင်း၊ သတင်းထောက်မလုပ်တော့သော်လည်း ထိုသူမှာ ပြစ်မှုရှိသည့်အတွက်ကြောင့် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ထားခြင်း မရှိလျှင် လွှတ်မည်ဖြစ်ကြောင်း၊ လွှတ်မည်ဟု မိမိ အာမမခံနိုင်ကြောင်း၊သို့သော် တရားဥပဒေနှင့်အညီ နေထိုင်ပြီး ပြစ်မှုကျူးလွန်ထားခြင်းမရှိလျှင် လွှတ်မည်ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ခဲ့လျှင် ၎င်း၏ကျူးလွန်မှုအရ အရေးယူခံရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲအပြီးတွင် **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ခင်းကျင်းပြသထားသည့်ဘုတ်များမှ အကြောင်းအရာများကို တက်ရောက်လာကြသည့် သတင်းမီဒီယာများအား လိုက်လံရှင်းလင်းပြသပြီး သတင်းမီဒီယာသမားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

- **တစ်နိုင်ငံလုံး PDF များမည်မျှသေကြောင်း၊ EAOs များ မည်မျှသေကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောစရာအကြောင်းမရှိ၊ သေဆုံးလျှင်လည်း မိမိနိုင်ငံသား သေဆုံးခြင်းသာဖြစ်ပြီး ၎င်း PDF ၊ EAOs များသည်လည်း မြန်မာနိုင်ငံသားပင်ဖြစ်၊ မိမိနိုင်ငံသားအချင်းချင်းဖြစ်သည့်အတွက် ဂုဏ်ယူစရာမရှိ၊**
- **ဒုတိယအချက်အနေဖြင့် အကြမ်းဖက်များ မည်သည့်အချိန် လျော့သွားမည်လဲဟု ဆိုရာတွင် ပြည်သူများအားလုံးပါဝင်လျှင် အကြမ်းဖက်မှုလျော့သွားမည်ဖြစ်၊ ရာနှုန်းပြည့်သည့် နိုင်ငံမရှိ၊ ပြည်သူအားလုံး၏ စိတ်ထဲတွင် ယင်းအကြမ်းဖက်လုပ်ရပ်များသည် မိမိတို့နိုင်ငံ၏ တိုးတက်ရေး၊ အမျိုးသားတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်သည်၊ မိမိတို့၏ တိုးတက်ရေးကို အနှောင့်အယှက်ဖြစ်သည်ဆိုသည့် စိတ်မျိုးဝင်သွားနိုင်မှသာ ရာနှုန်းပြည့် ငြိမ်းချမ်းမည်ဖြစ်၊**




အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် ရဟန်းသံဃာတော်များ ပျံလွန်တော်မူသည့် မှတ်တမ်းဓာတ်ပုံ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၂-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ NRC အစီအစဉ်(ကချင်) 'ပူလာရှီးဒီသို့'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ မြန်မာ့ကျက်သရေတက်နေ့ဝက်ရည် 'ယွန်းထည်'
- ၁၁:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'မင်္ဂလာရှိသောမင်္ဂလာ'
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
- ၁၅:၄၀ Soccer View
- ၁၆:၁၅ မျက်မှောက်ရေးရာအပြာပြာ
- ၁၇:၁၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မဟာမျက်နှာဖုံး' (အပိုင်း-၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁၈)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mrtv**

- 07:01 News
- 07:27 Mularsheedi we love!
- 07:36 Sayit-wyne Girls
- 08:01 A Day in the Life of Pa-O Family
- 08:06 Ngapali Beach: Fishing Villages
- 08:14 Secret Recipes by Gourmet Chefs (French)
- 09:01 Halin, A Treasure Trove Of The Ancient Pyu City
- 09:26 Products of Myanmar - Shin Ma Taung Thanakhar
- 09:43 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
- 10:01 Bottle Gourd Painting
- 10:06 Karunar Kabar Home for the Aged (Nay Pyi Taw)
- 10:26 Myanmar Masterclass: Artist U Kyaw Thaung
- 10:39 Bago: A City Of Famous Historic Pagoda

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** သခင်ယေရှုအကြောင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရွှေကရင်ရဲ့ပိန်းရွက်ခြောက်သုပ်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁၀)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းတောင်တွင် စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုး

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချင်း(ချိုး) ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ရှာလွတ်ဆေးတံ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ထိန်းသိမ်းစိုးလေ ရိုးရာအမွေ (ရထားဆွဲပွဲ)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)** ကွမ်းလုံမြို့သို့ အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ချောင်းသာသို့ အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားရိုးရာဆန်ပြုတ်

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လူချင်းအတူတူ'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ နေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။



အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities

"Leadership and participation of persons with disabilities toward an inclusive, accessible and sustainable post COVID-19 world"

"အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး"

နေပြည်တော် ၃.၁၂.၂၀၂၁


# မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၁ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Cyliner ၃၀၀၊ Loading Stretcher ၂၀၊ Patient's Examination Bed ၄၆ ခု၊ Scoop Stretcher ၃၀ ၊ Emergency Bed ၄ခု၊ Stainless Steel Step ၂၀၊ Folding Stretcher ၁၅၀၊ Radiography System တစ်ခု၊ Operating Lamp ၄ခု၊ Operating Table တစ်ခု၊ Electrocardiograph ၂၀ ၊ Infusion Set ၃၆၅၀၀၀ ၊ ဆေးဝါးမျိုးစုံ ၄၂ မျိုး၊ စုစုပေါင်း ၃၃၇၆၄၉ ဒသမ ၇၂ Kg ၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ နှစ်ခုတို့မှ Sodium Chloride Injection ၁၁၅၈၆၀ ၊ Powder For Injection ၁၀၈၆၀ ၊ Syringe ၁၆၈၇၄ ခု၊ Infusion ၅၇၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၇၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၈၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၈၀/၁၂၉၀ ကျပ် | ၁၃၁၀/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၉၀/၁၃၁၀ ကျပ် | ၁၃၂၅/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၈၀/၁၂၉၀ ကျပ် | ၁၃၂၀/၁၃၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၅၀/၁၃၇၅ ကျပ် | ၁၄၇၅/၁၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၉၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၄ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၃၈ | ၃၂၃၆၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၄၈၄၀ | ၁၅၀၂၉၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၂ | ၅၀၄၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၅ | ၁၄၇၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနှင့် တန့်ဆည်မြို့နယ် ပေါ်ဦးရပ်ကွက်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများအား အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲ

နေပြည်တော် ဒီဇင်ဘာ ၁

**အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အချို့နေရာများတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးလျက်ရှိသည်။**

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ရာ ကျောင်းရှေ့ရှိ လုံခြုံရေးဂိတ်တဲ မျက်နှာကြက်နှင့် အနီးတွင် ရပ်ထားသော ဆိုင်ကယ်သုံးစီး ပျက်စီးခဲ့ပြီး လုံခြုံရေးဂိတ်တဲအနီးတွင်ရှိနေသူ ကျေးရွာအထောက်အကူပြု အဖွဲ့ဝင် ဦးအောင်ဘဟိန်း(၄၅) နှစ် (ဘ)ဦးသန်းရွှေတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ပွင့်ဖြူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ပေါ်ဦးရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခြံစည်းရိုးအနီး အကြမ်းဖက်သူများက မိုင်းဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် အုတ်နံရံအနည်းငယ်ပဲ့ထွက်ပျက်စီးပြီး အခင်းဖြစ်နေရာအနီးမှ သံပိုက်အပိုင်းအစများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ တပ်ဆင်ထားသည့် ဒီတိုနေတာ အပိုင်းအစများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



ဦးအောင်ဘဟိန်း(ဒဏ်ရာရ)



လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာဆရာမများက ကျောင်းသား ကျောင်းသူများကို အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လစ်ဟာမှုရှိသည့်နေရာများကို ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးရန် လိုအပ်မည်ဖြစ်ပြီး မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုတစ်စုံတစ်ရာ တွေ့ရှိပါက လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၃ မှ*

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင် မြို့နယ် | နေအိမ်အဆောက်အဦ အခင်းဖြစ်နေရာ | ဖြစ်စဉ်အကျဉ်း |
|---|---|---|---|---|---|
| ၁၄၀ | ၂၉-၄-၂၀၂၁ | ချင်း | ဟားခါး | မြို့သစ်ရပ်ကွက် (၂)လမ်း၊ နေအိမ် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၁ | ၂၉-၄-၂၀၂၁ | ချင်း | ဟားခါး | ပြည်တော်သာရပ်ကွက်၊ အိမ်အမှတ်(၁၃၀) နေအိမ် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၂ | ၂၉-၄-၂၀၂၁ | စစ်ကိုင်း | တမူး | ပန်းသာကျေးရွာ ရစဖမှူး၏ နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၃ | ၂၉-၄-၂၀၂၁ | ရှမ်း | သီပေါ | တောင်မြို့ရပ်ကွက် မြို့နယ် ရွေး/ကော်ဥက္ကဋ္ဌ၏ နေအိမ် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၄ | ၃၀-၄-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၂)ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၅ | ၁-၅-၂၀၂၁ | စစ်ကိုင်း | အရာတော် | ထန်းတောကုန်း ကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၆ | ၁-၅-၂၀၂၁ | စစ်ကိုင်း | အရာတော် | ကြွေပုဂံ(တောင်) ကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၇ | ၁-၅-၂၀၂၁ | မန္တလေး | မလှိုင် | (၄)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၈ | ၁-၅-၂၀၂၁ | မန္တလေး | ကျောက်ဆည် | ကြက်မင်းတွန်ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၄၉ | ၁-၅-၂၀၂၁ | မန္တလေး | အမရပူရ | မှန်တန်းရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၀ | ၁-၅-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ထိန်ကုန်းရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၁ | ၁-၅-၂၀၂၁ | ရန်ကုန် | တောင်ဥက္ကလာပ | (၁၀)ရပ်ကွက် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၂ | ၂-၅-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | ပေါင်းလောင်း(၂) ရပ်ကွက် | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၃ | ၂-၅-၂၀၂၁ | ပဲခူး | ကဝ | (၅)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၄ | ၂-၅-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | ဥပုသ်တော်ရပ်ကွက်ရှိ လူနေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၅ | ၂-၅-၂၀၂၁ | မွန် | သထုံ | ဘင်လှိုင်ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၆ | ၂-၅-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ အနောက် | (၁၃)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၇ | ၄-၅-၂၀၂၁ | ပဲခူး | ပေါင်းတည် | အုပ်ဖို(၁)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၈ | ၄-၅-၂၀၂၁ | မန္တလေး | အမရပူရ | ဥယျာဉ်တော်ကျေးရွာ | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၅၉ | ၄-၅-၂၀၂၁ | မန္တလေး | အမရပူရ | ဥယျာဉ်တော်ကျေးရွာ | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၆၀ | ၄-၅-၂၀၂၁ | မန္တလေး | မတ္တရာ | ကျောက်တံတားကျေးရွာ | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၆၁ | ၄-၅-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | (ဈ)ရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၆၂ | ၄-၅-၂၀၂၁ | ရန်ကုန် | ရွှေပြည်သာ | (၂၄)ရပ်ကွက် ပန်းခြံစု (၃)လမ်း | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီး။ |
| ၁၆၃ | ၄-၅-၂၀၂၁ | ရှမ်း | တောင်ကြီး | ရတနာသီရိရပ်ကွက် | လက်လုပ်ဗုံးဖြင့်ဖောက်ခွဲဖျက်ဆီး။ |

**(နေအိမ်ပျက်စီးဆုံးရှုံးခဲ့မှုစာရင်းကို ဆက်လက်ဖော်ပြပါမည်)**

၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်သမားများကြောင့် လူနေအိမ်များ ပျက်စီးမှု

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | လူနေအိမ် ပျက်စီးမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၇ | ၁၃ | |
| ၂ | ကချင် | ၅ | ၁၄ | |
| ၃ | ကယား | ၂ | ၃ | |
| ၄ | ကရင် | ၆ | ၇ | |
| ၅ | ချင်း | ၅ | ၁၀ | |
| ၆ | စစ်ကိုင်း | ၂၇ | ၈၉ | |
| ၇ | တနင်္သာရီ | ၅ | ၁၀ | |
| ၈ | ပဲခူး | ၁၂ | ၂၅ | |
| ၉ | မကွေး | ၁၄ | ၂၉ | |
| ၁၀ | မန္တလေး | ၁၉ | ၈၈ | |
| ၁၁ | မွန် | ၈ | ၂၁ | |
| ၁၂ | ရန်ကုန် | ၁၇ | ၂၉ | |
| ၁၃ | ရှမ်း | ၇ | ၁၅ | |
| ၁၄ | ဧရာဝတီ | ၇ | ၇ | |
| စုစုပေါင်း | | ၁၄၁ | ၃၆၀ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် နေအိမ်များအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှု သတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ကန်ပက်လက်မြို့နယ်၌ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု။

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးသန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး၊ ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၏ ဆောင်ရွက်ချက်များအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

## ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုး လက်ဆောင်ကို လက်ခံရယူ

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းသည် ၂၀၂၀ ပြည့်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်နေသည့်အချိန်တွင် ဒေသခံပြည်သူလူထုထောက်ခံမှုရရှိစေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် မုံရွာ-ယာကြီး-ကလေးဝလမ်း၊ မိုင်(၈၅/၀)မှ ကြာပင်ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းတွင် ငွေလုံးငွေရင်းရန်ပုံငွေ လျာထားသတ်မှတ်မှု မရှိဘဲ လမ်းဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၃၆၈ သန်းဖြင့် လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် မုံရွာ-ယာကြီး-ကလေးဝလမ်းကို ငွေလုံးငွေရင်းရန်ပုံငွေ လျာထားသတ်မှတ်မှု မရှိဘဲ လမ်းဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၁၉၄ ဒသမ ၄၃ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ရာတွင် ထိုစဉ်က လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး (ယခုအမြဲတမ်းအတွင်းဝန်)က ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ အသုံးပြုဆောင်ရွက်ပေးခဲ့ခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ငွေလုံးငွေရင်း ရန်ပုံငွေမှ လျာထားခွင့်ပြုချက်မရှိဘဲ မင်းကင်းမြို့နယ်တွင် ကျောက်အိုးတံတားအသစ်ကို ၎င်း၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း တည်ဆောက်ခဲ့ရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားဦးစီးဌာန၏ ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၂၀၀ ဖြင့် အသုံးပြု ဆောင်ရွက်ပေးခဲ့ခြင်းတို့သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း အပိုဒ် ၄၆ နှင့် အပိုဒ် ၁၂၃ တို့ကို လိုက်နာမှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေးကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ်ကြောင်း၊

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စဉ် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်ထံသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခရိုင်ရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ အလှူငွေကျပ်သိန်း ၃၀ ထည့်ဝင်ရန် တောင်းခံခဲ့ကြောင်း၊ ဦးရဲမင်းဇော်က အဆောက်အဦ အထူးအဖွဲ့ ၁၆ ဖွဲ့ရှိ လက်အောက်ဝန်ထမ်းများထံ အလှူခံခိုင်းခဲ့ပြီး ရရှိသည့် ငွေကျပ်သိန်း ၃၀ ကို ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းထံသို့ ပေးအပ်စေခဲ့ခြင်းသည် ဦးကျော်လင်းအနေဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်အနေဖြင့် ဦးကျော်လင်းမှ တံစိုးလက်ဆောင်ရယူရာတွင် အားပေးကူညီခဲ့ခြင်းဖြစ်ကြောင်း။

ဦးကျော်လင်းသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကိုယ်စားပြုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်နေသည့် အချိန်တွင် မင်းကင်းမြို့နယ်သို့ သွားရောက်သည့် ခရီးစဉ်များ၌ ဘုန်းတော်ကြီးကျောင်းများသို့ ဝင်ရောက်ဖူးမြော်၍ အလှူငွေနှင့်ဆန်အိတ်များ ပေးအပ်လှူဒါန်းရာတွင် ၎င်း၏ညွှန်ကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများမှ စီစဉ်ပေးသည့် ဆန်အိတ် ၆၈ အိတ်ကို ထိုက်သင့်သည့်တန်ဖိုးငွေ ပေးချေခြင်းမရှိဘဲ လက်ခံခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း။

ဦးကျော်လင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေးတွင် အသုံးပြုရန် အကြောင်းပြ၍ အလှူငွေများကို ၎င်းကိုယ်တိုင်နှင့် ၎င်း၏ ကိုယ်ရေးအရာရှိဖြစ်သူမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများထံမှ စုစုပေါင်း ငွေကျပ် ၃၆၃ သိန်းကျော်ကို လက်ခံ၍ ရွေးကောက်ပွဲစည်းရုံးရေးအတွက် ပါတီအလံ၊ အင်္ကျီ၊ တီရှပ်၊ ဦးထုပ်နှင့် လက်ကမ်းစာစောင်များ ဝယ်ယူရာတွင် အသုံးပြုခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် စက်တင်ဘာလအတွင်းတွင် ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ခုထံမှ စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကို ၎င်း၏ ကိုယ်ရေးအရာရှိမှတစ်ဆင့် လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးသန်းဝင်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြို့ရှောင်လမ်း ပြုပြင်တည်ဆောက်ခြင်း တင်ဒါ Lot.3 နှင့် စပ်လျဉ်း၍ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ရွေးချယ်ထားသည့် အဆိုပြုငွေကျပ် ၁၄၈၁ သန်းကျော်ဖြင့် ကုမ္ပဏီအား ရွေးချယ်ခြင်းမပြုဘဲ ငွေကျပ် ၁၅၁၃ သန်းကျော်ဖြင့် ဒုဝန်ကြီးဟောင်း ဦးကျော်လင်းနှင့် ဆက်စပ်နေသည့်ကုမ္ပဏီတစ်ခုအား ရွေးချယ်ပေးခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၃၂ သန်းခန့် ပိုမိုကုန်ကျခဲ့ခြင်းသည် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ငွေကြေးကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

## သတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ

စစ်ဆေးပေါ်ပေါက်ချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးသန်းဝင်းတို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးအောင်မြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် ယနေ့ ပဏာမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် လဲချားမြို့နယ် ပင်လုံ-လဲချားသွားကားလမ်းတွင် ပင်လုံမှလဲချားဘက်သို့ ဟိန်းထက်အောင် (၃၃နှစ်) မောင်းနှင်ပြီး ဇင်လင်းမောင်(၂၈နှစ်) လိုက်ပါလာသည့်၂၂ဘီးတွဲကားမော်တော်ယာဉ်နှင့် ရှေ့နောက်လိုက်ပါလာသည့် အောင်မင်းထွေး(၄၁နှစ်) မောင်းနှင်ပြီး ဟိန်းမင်းဦး(၁၉နှစ်) လိုက်ပါလာသည့် ၁၈ ဘီး တွဲကား မော်တော်ယာဉ်တို့ကို ရှာဖွေရာ တန်ဖိုးငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ သံပီပါများဖြင့် ထည့်လျက် ETHYLACETATE အရည် လီတာ ၁၅၄၈၀ နှင့် BISMUTH (III)OXIDE အရည် လီတာ ၉၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်များအရ သိမ်းဆည်းရမိသော ဓာတုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**






“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ဝ၆၇-၈၁၀၃၃၄၇၊
ဝ၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲအုပ်စု(၁) ဒုတိယပွဲစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်“တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု(၁) ဒုတိယပွဲစဉ်ကို ဒီဇင်ဘာ ၃ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူး ထုတ်လွှင့်မည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသား ပြိုင်ပွဲဝင်များဖြစ်ကြသည့် အိဟေမာန်၊ စောထက်နေယံ၊ သုတ၊ ငြိမ်းချမ်းအောင်၊ ဈာန်ထူး၊ ဝင်းဝင်းထွေး၊ မေသဲစု၊ ဖွေးစုထွေးနှင့် ဇော်ထွေးလတ်တို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတမှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်သည်။

“တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမ သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ (၅)ဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်းကောင်း၊ နောက်ဆုံးပွဲစဉ် နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “သားသားတို့ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “သားသားတို့ အငြိမ့်” ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၄ ရက်၊ (စနေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HDChannel မှ ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး အိဇင်မိုး၊ ရှေ့ထွက်မင်းသမီး အိန္ဒြေဦး ၊ လူရွှင်တော်များဖြစ်ကြသည့် ရွှေကောင်း၊ လေပြေ၊ ပေါက်မဲနှင့် ရွှေကျားတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဒီဇင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




**နေပြည်တော် ဒီဇင်ဘာ ၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်(Family Quiz) ပွဲစဉ် (၄၃) ကို ဒီဇင်ဘာ ၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို တင်ဆက်သူ ရဲထိုက်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ (၃၊၄၊၅) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆နာရီ သတင်းအပြီး၌ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၄၄ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၀၅၄ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၆၈၈၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၉၆၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၀၈၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၄၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဒေသခံပြည်သူ ၂၇၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၉၆၅၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၉၄၇ ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့၌ ကျောင်းသား ကျောင်းသူ ၁၇၈ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ အမှတ် ၁-၂ ကျောင်းလမ်း၊ အိမ်အမှတ်(၃၈)နေ မောင်အေးကိုကိုနိုင် (ဘ) ဦးကြည်ဝင်း ၁၄/ကလန(နိုင်)၀၉၃၂၈၇ သည် မြို့နယ်မှတ်တမ်းအရဖြစ်ပြီး၊ ပညာရေးမှတ်တမ်းအရ မောင်အေးကိုကို (ဘ) ဦးကြည်ဝင်း ဟူ၍ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သာမဏေကျော်လမ်း၊ (၆)ရပ်ကွက်၊အမှတ်(၃၅)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဖြိုး ၇/ပခန(နိုင်)၂၉၅၀၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီးအမှတ်(၈)၊ မြေတိုင်းအမှတ်(၂၃)၊ နာဂဝန်(၁)လမ်း၊ ဦးပိုင်အမှတ်(၉၅)၊ မြေကွက်အမှတ်(၉၅)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးရဲထွန်း ၁၂/မရက(နိုင်)၀၃၆၇၆၄အမည်ပေါက်မြေငှားဂရန်ရရှိထားသော မြေကွက်အား ဦးရဲထွန်းမှ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက်ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဖြိုး ၇/ပခန(နိုင်) ၂၉၅၀၃၄မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်အေးသန္တာဖြိုး | ဒေါ်တင်ဇာဝင်း(LL.B) |
| ၇/ပခန(နိုင်)၂၉၅၀၃၄ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၅) |
| | ဘုရင့်နောင်လမ်း၊ ရပ်ကွက်ကြီး(၈)၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၈၅၀၁၀ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်မှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၉၅၈)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ခင်လှိုင်ထွန်း (ဘ) ဦးရာထား၊ ၉/ပမန (နိုင်) ၀၁၉၁၃၄ အမည်ပေါက်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဖြိုးဖြိုးထွန်း (ဘ) ဦးထွန်းကြည်၊ ၉/ပမန (နိုင်) ၁၂၂၃၈ မှ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် အမှတ်(၄၄၅/၂၀၁၂-၁၃)မူရင်း၊ နေပြည်တော်စာချုပ်စာတမ်းရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ (၉၇၀/၂၀၂၁)မူရင်းတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ဖြိုးဖြိုးထွန်း(ဘ) ဦးထွန်းကြည်၊ ၉/ပမန (နိုင်) ၁၂၂၃၈ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

❖ *ကျောဖုံးမှ*

ရပ်တည်နေသလို နေ့ပြည်တော်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။

